မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၅၈)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ရက်ကန်းစင်တော် ကိုးခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ယနေ့ *ဖတ် စ ရာ*

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲကျင်းပ — ပြည်တွင်းသတင်း စာ ၁၁

မြန်မာ့ကော်ဖီ ဖွံ့ဖြိုးမှုမှသည် နိုင်ငံ့စီးပွား တိုးပွားစေမည် — ဆောင်းပါး စာ ၂၀

မြန်မာ့အလင်း

ရဟန်းပြုရခြင်း၏အကျိုး

တန်ဆောင်မုန်းလသည် မိုးလေတို့ကင်းစင်၍ကောင်းကင်၌ ကြည်လင်ကာ ကြယ်တာရာနက္ခတ်တို့ စုံလင်စွာထွန်းပသည်။ ဆောင်းလဖြစ်သည်နှင့်အညီ လောကဓာတ်တစ်ခွင် စိမ်းစိုအေးချမ်းနေသည်။ ထိုလကို "မာသေသု သရဒံရမဏီယံ - လတို့တွင် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်ကောင်း၏" ဟူ၍ ရှေးစာတို့က ဆိုကြသည်။ ယင်းသို့ ကြည်နူးမွေ့လျော်ဖွယ်ရာ တန်ဆောင်မုန်းလပြည့်ည တစ်ညတွင် ဗုဒ္ဓဘာသာသမိုင်း၌ ထင်ရှားသော ဖြစ်ရပ်တစ်ခု မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ဖြစ်ပွားခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် တစ်ထောင့်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာများနှင့်အတူ ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ်ကာလ မာဂဓတိုင်းရှင် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်၏ ညဥ့်အခါ၌ မှူးမတ်အပေါင်းတို့ ခစားခြံရံလျက် နန်းပြာသာဒ်ထက်တွင် စံမြန်းရင်း ရင်တွင်း၌ဖြစ်ပေါ်လာသော ခံစားမှုနှင့် စိတ်အကြံအစည်တို့ကို ဥဒါန်းကျူးရင့်ထုတ်ဖော်ခဲ့သည်။ "အချင်းတို့၊ လသာခြင်းဖြင့် အပြစ်ကင်းသော ညဥ့်သည် မွေ့လျော်ဖွယ်ကောင်းစွတကား၊ အလွန်လှပပေစွတကား၊ ရှုဖွယ်ကောင်းပေစွတကား၊ ကြည်နူးဖွယ်ကောင်းစွတကား၊ အမှတ်ရဖွယ်ကောင်းပေစွတကား။ ယခုလိုညမျိုးတွင် အဘယ်သမဏ-ဗြာဟ္မဏကို ငါတို့ ဆည်းကပ်ရပါကုန်အံ့နည်း၊ အဘယ်ဗြာဟ္မဏကို ဆည်းကပ်လျှင် ငါ၏စိတ်သည် ကြည်လင်ပါအံ့နည်း" ဟူ၍ ကျူးရင့်ခြင်းဖြစ်သည်။

စင်စစ်အဇာတသတ်မင်းသည် ဒေဝဒတ်နှင့် ပေါင်းမိပြီး ထီးနန်းစည်းစိမ်အလိုရမ္မက်ကြောင့် ခမည်းတော်ကို သတ်ခဲ့မိသော ကြီးမားလှသည့် အကုသိုလ်ကံကို ကျူးလွန်ထားပြီး ထိုအကုသိုလ်ကံ၏ ခြောက်လှန့်မှုကို ကုရာနတ္ထိဆေးမရှိဘဲ အချိန်နှင့်အမျှ ခံစားနေရသူဖြစ်သည်။ လောင်ကျွမ်းနေသည့် စိတ်နှလုံးကို ငြိမ်းအေးချမ်းသာစေရန်အလို့ငှာ တတ္တိဆရာကြီး ခြောက်ယောက်ထံ သွားရောက်ခဲ့သော်လည်း မထူးခြား။ အတွေးအမြင်၊ အယူအဆ ဒဿနကိုယ်စီ ဆွဲကိုင်ကာ နောက်ပါတပည့်တပန်းများလည်း ကိုယ်စီရှိနေကြသည့် အဆိုပါဂိုဏ်းဆရာကြီး ခြောက်ယောက်တို့မှာ အဇာတသတ်မင်း၏ ပဋ္ဌာနန္တရိယကံကြောင့်ဖြစ်သည့် ဝေဒနာကို တဒင်္ဂမျှ သက်သာအောင်ပင် ကုစားမပေးနိုင်။ နောက်ဆုံးတွင် ဆရာဇီဝက၏ အကြံပေးချက်အရ တန်ဆောင်မုန်း လပြည့်ညမှာပင် ဆင်ယဉ် ငါးရာတို့၌ မောင်းမတစ်ဦးစီကို စီးစေ၍ မီးရှူးတိုင်တို့ကို ဆောင်စေလျက် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် ရာဇဂြိုဟ်ပြည်မှထွက်၍ ဇီဝက၏ သရက်ဥယျာဉ်သို့သွားကာ မြတ်စွာဘုရားထံမှောက်သို့ ရောက်ရှိခဲ့ရသည်။

အဇာတသတ်မင်းက ဗုဒ္ဓမြတ်စွာဘုရားကို ဖူးမြော်မေးလျှောက်သည့်အကြောင်းအရာမှ "သာမညဖလ" ခေါ် "ရဟန်းဖြစ်ရသည့်အကျိုး" ဖြစ်သည်။ ရဟန်းပြုခြင်းကြောင့် မျက်မှောက်ဘဝတွင် ခံစားရသောအကျိုးကို ထင်ရှားစွာပြပါရန် မေးမြန်းခြင်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့် ညချမ်းချိန်ခါ ဆရာဇီဝက၏ သရက်ဥယျာဉ်ထဲတွင် မြတ်စွာဘုရားရှင်က ရှင်းလင်းဟောကြားတော်မူသည့် ရဟန်းဖြစ်ရသည့်အကျိုးဟူသော သာမညဖလသုတ္တန် ဒေသနာတော်ကို ရိုသေစွာနာယူပြီးသည့်နောက် အဇာတသတ်မင်း၏ ပူလောင်နေသောနှလုံးသားမှာ အေးချမ်းသာယာမှုတို့ ဖြစ်ပေါ်လာခဲ့သည်။ ဘုရား၏ထံမှောက်တွင် မိမိ၏အပြစ်ကို ထုတ်ဖော်ဝန်ခံခြင်း၊ ထိုအပြစ်အတွက် တောင်းပန်ခြင်း၊ ထိုအဖြစ်မျိုးကို နောင်အခါတွင် စောင့်စည်းခြင်းငှာ ဘုရားထံမှောက် လျှောက်ထားခြင်းတို့ကိုလည်းပြုသည်။ မြတ်စွာဘုရားက "မင်းကြီး- မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ်လွှမ်းမိုးသွားခဲ့၏။ သင်သည် တရားစောင့်သော ခမည်းတော်ကို သတ်ခဲ့မိ၏။ မင်းကြီး- အကြင်သူသည် အပြစ်ကို အပြစ်ဟု အကြောင်းအားလျော်စွာ ကုစား၏။ နောင်အခါစောင့်စည်း၏။ ထိုသူ၏ ကုစား၊ စောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင်တည်း။" ဟု ပြန်လည်မိန့်တော်မူကာ အဇာတသတ်မင်းအား စိတ်သက်သာရာ ရစေခဲ့သည်။

သာမညဖလသုတ္တန် ဒေသနာတော်ကို နာယူပြီးနောက်တွင် အဇာတသတ်မင်းသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူဖြစ်လာခဲ့သည်။ ပုထုဇဉ်များထဲတွင် ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်ဟု မှတ်တမ်းတင်ခံခဲ့ရပြီး ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသင်္ဂါယနာတင်ခြင်း၊ ဘုရား၏ ဓာတ်တော်များကို စုဆောင်း၍ ဓာတ်တော်တိုက်ကြီး တည်ထားခြင်း၊ ဗုဒ္ဓသာသနာတော်နှစ်ကို အတိအကျသတ်မှတ်ခြင်း စသည့် သာသနာ့သမိုင်းဝင် ဆောင်ရွက်ချက်များကိုလည်း ပြုလုပ်ခဲ့သည်။ မြတ်စွာဘုရားက အဇာတသတ်မင်းကို ဟောကြားခဲ့သည့် သာမညဖလသုတ္တန်သည် ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်၌ ပါရှိပြီး ရဟန်းသံဃာတော်များ၏ ကိုယ်ကျင့်သီလကို ကြေးမုံမှန်ချပ်သဖွယ် ထင်ဟပ်နိုင်သည့် သုတ္တန်ဟူ၍ ထင်ရှားပါကြောင်း။ ။

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။
★ ဇလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

ရတနာပုံတက္ကသိုလ် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၂၆

ရတနာပုံတက္ကသိုလ် နေ့သင်တန်းနှင့် အဝေးသင် - သင်တန်းတို့၏ (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(သင်တန်းရေးရာဌာန)၊ မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)၊ မော်ကွန်းထိန်း(ကျောင်းသားရေးရာဌာန) နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် ကျင်းပခဲ့သည့် နေ့သင်တန်းနှင့် ၂၀၁၉ နှင့် ၂၀၂၂ ပညာသင်နှစ်များတွင် ကျင်းပခဲ့သည့် အဝေးသင်- သင်တန်းတို့တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဒီပလိုမာဘွဲ့၊ မဟာဝိဇ္ဇာ/ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့နှင့် မဟာသုတေသနဘွဲ့များအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်အပ်နှင်းပြီး ဘွဲ့နှင်းမိန့်ခွန်း မြွက်ကြားသည်။

အဆိုပါ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် နေ့သင်တန်းအတွက် နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ အပိုင်း လေးပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၁၀၂၂ ဦး၊ အဝေးရောက်ဘွဲ့ကိုးဦးကိုလည်းကောင်း၊ အဝေးသင် - သင်တန်းအတွက် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ အပိုင်း (၁၂)ပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၃၄၅၄ ဦး၊ အဝေးရောက်ဘွဲ့ ၂၆၄ ဦး စုစုပေါင်း ၄၇၄၉ ဦးကို ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်-မန္တလေး**

မြစ်ကြီးနားမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် နေ့သင်တန်းများစတင်ဖွင့်လှစ်

မြစ်ကြီးနား နိုဝင်ဘာ ၂၆

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြစ်ကြီးနားတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ နေ့သင်တန်းကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အလားတူ ကွန်ပျူတာတက္ကသိုလ် မြစ်ကြီးနား၌လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်းများကို နိုဝင်ဘာ ၂၃ ရက်က စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

◆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

"ဇယမင်္ဂလာစာတမ်းလွှာ" ကို ဖတ်ကြား

ဦးစွာ အခမ်းအနားကို " နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်က "ဇယမင်္ဂလာစာတမ်းလွှာ" ကိုဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ်မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မသိုးရွှေကြာသင်္ကန်းတော်များ စတင်ရက်လုပ်

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကိုတီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များကရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက်ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များကမြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် တေးသီချင်းဖြင့်သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့်မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်း လွှတ်တင်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များကယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေကြသည်။

စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ကိုးခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၄ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

လှည့်လည်ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညို၍ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၃၆၀၀ ကို အတူတကွ ထွန်းညှိပူဇော်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

လာရောက်ဖူးမြော်ကြည်ညိုနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိပြီး ပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ

စာမျက်နှာ ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးစဉ်။

တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများအား အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြစဉ်။

စာမျက်နှာ ၄ မှ

လွှတ်တင်ပူဇော်ခြင်း၊ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချလျက်ရှိသဖြင့် အများပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထွန်းညှိပူဇော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီးပေါ်၌ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၃၆၀၀ ကို အတူတကွ ထွန်းညှိပူဇော်စဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိစဉ်။

ရက်ကန်းစင်တော် ကိုးခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို တွေ့ရစဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)နှင့် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၆

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က စစ်ကိုင်းမြို့ရှိ ဒီဇယ်စက်ခေါင်း စက်ရုံ(ရွာထောင်)နှင့် မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် ရှိ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ရှိ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်) သို့ ရောက်ရှိရာ စက်ရုံခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏ နောက်ခံသမိုင်း၊ စက်ခေါင်းများ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ၊ နှစ်စဉ်လျာထားချက်နှင့် စွမ်းဆောင်နိုင်မှု အခြေအနေများ ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ကျွမ်းကျင်မှု ပိုမိုမြင့်မားလာရေးနှင့် စွမ်းဆောင်မှု စဉ်ဆက်မပြတ် တိုးတက်စေရေးအတွက် လိုအပ် ချက်များကို မှာကြားပြီး စက်ရုံ ရှိ စက်မှုသင်တန်းကျောင်း၌ သင်တန်းပို့ချ လေ့ကျင့်ပေးမှု နည်းစနစ်၊ သင်တန်းဆိုင်ရာ စာအုပ်စာတမ်းများ၊ သင်ကြား လေ့ကျင့်ရေးတွင် အသုံးပြုနေ သည့် စက်ကိရိယာပစ္စည်းများနှင့် သင်တန်းခန်းမတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ အတွင်း၌ ဝန်ထမ်းများက စက်ခေါင်းများ အကြီးတန်းမွမ်းမံ ပြင်ဆင်ရေး လုပ်ငန်းစဉ်အတိုင်း အင်ဂျင်ပိုင်းဆိုင်ရာ၊ ကိုယ်ထည် ပိုင်းဆိုင်ရာ၊ လျှပ်စစ်ပိုင်းဆိုင်ရာ၊ ဘီးဘိုဂီဆိုင်ရာ အစိတ်အပိုင်းများ ကို မွမ်းမံပြင်ဆင်ရေး ဆောင်ရွက် နေသည့် အခြေအနေများနှင့် စက်ခေါင်းအတွက် လိုအပ်သည့် အရန်ပစ္စည်းများ ထုတ်လုပ်မှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ရွာထောင်ရှိ မြန်မာ့မီးရထား၏ (၂၅) ခုတင်ဆံ့ ဆေးရုံ၌ ဆေးကုသပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ရွာထောင်ဘူတာကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဘူတာယာဒ်ဝင်း သန့်ရှင်းသပ်ရပ် ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ် များကို မှာကြားကာ လိုအပ်သည် များ ဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

ဆက်လက်၍ ရွာထောင်ရှိ မြန်မာ့မီးရထားဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အဘိုးအဘွားများ အား အားပေးစကားပြောကြား ကာ အလှူငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် အမရပူရ မြို့နယ်ရှိ မြန်မာ့မီးရထား၏ လူစီး တွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်) သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ စက်ရုံ ၏နောက်ခံသမိုင်း၊ လုပ်ငန်းတာဝန် များ၊ လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှုနှင့် လူစီးတွဲ နှင့် ကုန်တွဲများ အသစ်တပ်ဆင် တည်ဆောက်နေမှုအခြေအနေတို့ ကို ရှင်းလင်းတင်ပြကြသည်။

အကြီးတန်းမွမ်းမံပြင်ဆင်

တင်ပြချက်များအပေါ် ပြည် ထောင်စုဝန်ကြီးက လိုအပ်သည် များ မှာကြားဖြည့်ဆည်း ဆောင် ရွက်ပေးပြီး စက်ရုံအတွင်းလူစီးတွဲ နှင့် ကုန်တွဲအသစ်များ တပ်ဆင် ထုတ်လုပ်သည့် နည်းစနစ်နှင့် လုပ်ငန်းစဉ်များ၊ တပ်ဆင် ထုတ်လုပ်ထားပြီးဖြစ်သည့် လူစီး တွဲသစ်များ၊ ကွန်တိန်နာတင် ကုန်တွဲများ၊ လေအိတ်ဘိုဂီများ တည်ဆောက်ထားမှုနှင့် အသုံးပြု လျက်ရှိသည့် လူစီးတွဲနှင့် ကုန်တွဲ များ အကြီးတန်းမွမ်းမံပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေ တို့ကို လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

စားသောက်ဖွယ်ရာများ ပေးအပ်

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ ခုတင် ၅၀ ဆံ့ ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှု ခံယူနေသော ဝန်ထမ်းမိသားစု လူနာများကို အားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပဲခူးမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပဲခူး နိုဝင်ဘာ ၂၆

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲအခမ်း အနားကို ပဲခူးမြို့ ဥသျှောင်ဘောလုံး ကွင်းအတွင်း၌ နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက ကျင်းပခဲ့ရာ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုး ဆွေဝင်း တက်ရောက်ဖွင့်လှစ် ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့က ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားပြိုင်ပွဲ များတွင် အနိုင်၊ အရှုံးတစ်ခုတည်း ကို မူတည်ပြီး ယှဉ်ပြိုင်ခြင်း မဟုတ်ဘဲ ဖွဲ့ရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်း ဥပဒေကို လေးစားလိုက်နာမှု၊ ယဉ်ကျေးမှု စသည်တို့ကိုပါ ယှဉ်ပြိုင်ရခြင်းဖြစ်၍ မိမိဒေသ၏ ဂုဏ်သတင်းကို အားကစားလုပ် ခြင်းဖြင့် မြှင့်တင်ပေးနိုင်ရေး ကြိုးစားကြစေလိုကြောင်းနှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများ မှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများ ဖြစ်အောင် စည်းကမ်းတကျ၊ နည်းလမ်းတကျ ကြိုးစားကြစေလိုကြောင်း ပြော ကြားသည်။

ယင်းနောက် ခရိုင်အုပ်စု ပြိုင်ပွဲဝင် အားကစားသမား များက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းအား အလေးပြုခြင်းနှင့် အားကစား သစ္စာအဓိဋ္ဌာန် သံပြိုင်ရွတ်ဆိုကြ သည်။

ထို့နောက် ပဲခူးမြို့ အထက(ခွဲ) (၇)မှ ကျောင်းသူလေးများက Fitness Dance ဖြင့် ကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်းနှင့် အမှတ်(၃) အခြေခံ ပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေး များက ဘင်ခရာသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေ တင်ဆက်ကြ ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ကျောင်းသား ကျောင်းသူ များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျွန်းလှမြို့၌ တန်ဖိုးသင့်စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချပေး

ကျွန်းလှ နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဒေသခံပြည်သူ များ တန်ဖိုးသင့်စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ယမန်နေ့ က ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်ဈေး၌ ရောင်းချပေးသည်။

ထိုသို့ တန်ဖိုးသင့်စားသောက်ကုန်များဖြစ်သည့် ဆန် တစ်ပြည်နှင့် ကြက်ဥနှစ်လုံးပါ ပစ္စည်းနှစ်မျိုးကို ငွေကျပ် ၃၀၀၀ ဖြင့် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ရောင်းချ ပေးခဲ့သည်။

အဆိုပါ ရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များကြီးကြပ်ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက ပြည်သူ များ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရ သည်။**(ယာပုံ)**

မျိုးဝင်းညို (ကျွန်းလှ)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ All- China Youth Federation မှ Mr. Zhou Xiaoping နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ All- China Youth Federation မှ Mr. Zhou Xiaop-ing ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Navata Hotel ၌ လက်ခံတွေ့ဆုံသည်။

ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ - တရုတ်နှစ်နိုင်ငံ မီဒီယာအချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအကူအညီပေးရေး၊ ပြည်သူများအကြား သတင်းအမှားများ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးနှင့် သတင်းအမှန်များ လျင်လျင်မြန်မြန်သိရှိနိုင်ရေး၊ ရုပ်မြင်သံကြား၊ ပုံနှိပ်မီဒီယာများအပြင် New Media ကဏ္ဍတွင်လည်း ပိုမိုပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အစိုးရချင်းသာမက ပြည်သူများအချင်းချင်း ရင်းနှီးကျွမ်းဝင်နားလည်မှု ရှိစေရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများတွင်လည်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေ့လယ်စာသုံးဆောင်

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် ဧည့်သည်တော် Mr. Zhou Xiaoping နှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ညနေပိုင်းတွင် All China Youth Federation မှ Mr. Zhou Xiaoping ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိကြပြီး ပင်မအဆောက်အဦအတွင်း ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့်စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့်အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားမှုများကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှု

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ မဟာဗောဓိဂြိုဟ်ရှစ်ခွင် ဘုရားဆီမီး တစ်ထောင်ပူဇော်ပွဲသို့တက်ရောက်၍ MRTV ပန်းခြံ၌ ကျင်းပသည့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်တွင် နိဗ္ဗာန်ဈေးပွဲတော်ကံစမ်းမဲဖောက်ပေးခြင်း၊ Channel များအလိုက် ပျော်ရွှင်ဖွယ်ကစားနည်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချခြင်း၊ မီးပုံးပျံလွှင့်တင်ခြင်းနှင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ တန်ဆောင်တိုင် ရိုးရာစတုဒိသာကျွေးမွေးခြင်းနှင့် MRTV ခေတ်ပေါ်တီးဝိုင်းအဖွဲ့၏ ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ All- China Youth Federation မှ Mr. Zhou Xiaop-ing ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

MSME များအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုး ပြည်တွင်းလိုအပ်ချက်လုံလောက်ပါက ပြည်ပသို့တင်ပို့ရန် ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ United Paper စက္ကူစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း Recycle စက္ကူဖြတ်စများကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ပြည်တွင်းသုံး စက္ကူထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။

ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ကောက်ရိုး၊ ချဉ်ပေါင်လျှော်နှင့် သမန်းမြက်တို့ကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ စက္ကူထုတ်လုပ်ပြီး ဂျပန်နိုင်ငံသို့တင်ပို့ရောင်းချနေသည့် ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန် (၁) ရှိ Nilar Pulp and Paper စက္ကူစက်ရုံသို့ သွားရောက်၍ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။

ဝါးစိုက်ခင်းများနှင့် ကြီးမြန်သစ်မျိုးစိုက်ခင်းများ တည်ထောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တိုင်းဒေသကြီးအတွင်းရှိ စက္ကူပျော့ဖတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယနေ့ပြည်တွင်း၌ စက္ကူလိုအပ်ချက်များစွာရှိပြီး စက္ကူထုတ်လုပ်ရန်လိုအပ်သော ကုန်ကြမ်းကို သစ်၊ ဝါး၊ ကောက်ရိုး၊ ငှက်ပျောများကို အသုံးပြုခြင်း၊ စွန့်ပစ်စက္ကူများကို Recycle နည်းဖြင့် ပြန်လည်ထုတ်လုပ်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စက္ကူပျော့ဖတ်ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သော ကြီးမြန်သစ်မျိုးနှင့် ဝါးမျိုးများစွာရှိပြီး သဘာဝတောများမှ နှစ်စဉ် ဝါးအလုံးရေ ၃၀၁ သန်း ထုတ်လုပ်ပေးနိုင်သည့်အတွက် ဝါးစက္ကူပျော့ဖတ်စက်ရုံများအတွက် လိုအပ်သောကုန်ကြမ်းကို ပံ့ပိုးပေးနိုင်သကဲ့သို့ ရေရှည်ကုန်ကြမ်းရရှိစေရေးအတွက် ဝါးစိုက်ခင်းများနှင့် ကြီးမြန်သစ်မျိုးစိုက်ခင်းများ တည်ထောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME များအနေဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုး ပြည်တွင်းလိုအပ်ချက်လုံလောက်ပါက ပြည်ပသို့ တင်ပို့ရန် ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ စက္ကူနှင့်ပျော့ဖတ်လုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု၊ ပြည်တွင်း ပြည်ပဈေးကွက်အနေအထားနှင့် တွေ့ကြုံရသောအခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက စက္ကူပျော့ဖတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပန်းပုနှင့်ပရိဘောဂလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Beautiful Wood ပန်းပုအချောထည်လုပ်ငန်းနှင့် သာကေတမြို့နယ်ရှိ ဦးကျော်ဆန်း ပန်းပုလုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ပန်းပုနှင့် ပရိဘောဂလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကြိမ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဒဂုံမြို့နယ်ရှိ Sedan Furniture စက်ရုံမှ ထုတ်လုပ်ထားသော ကြိမ်၊ ဝါးလက်မှုပစ္စည်းများ ပြသထားမှုကို လည်းကောင်း၊ Bella Interior ကြိမ်အချောထည်လုပ်ငန်းတွင် ကြိမ်အချောထည်ပစ္စည်းများ ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်နှင့် ပြည်ပတင်ပို့ရန် ဆောင်ရွက်ထားမှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး စက်ရုံရှင်းလင်းဆောင်၌ ကြိမ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဥက္ကလာပမြို့နယ်ရှိ Wood Deiwi ပရိဘောဂထုတ်လုပ်မှုလုပ်ငန်းနှင့် SSS Furniture ပရိဘောဂထုတ်လုပ်မှုလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ဒုတိယနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တွင် မီးပုံးပျံများ လွှတ်တင်ပူဇော်စဉ်။

လမ်းညွှန်ပြသပေး

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့် နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့် နေရာများ၊ မသိုးသင်္ကန်းရက်လုပ် နေသည့်နေရာများ၊ ဈေးပွဲတော်နေရာများ နှင့် အခြားသွားရောက်လေ့လာနိုင်မည့် နေရာများကို အလွယ်တကူသွားရောက် နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း နှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မသံများဖြင့် စိတ်ကြည်နူးဖွယ် ဖုံးလွှမ်းလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ကုသိုလ်ထူးရရှိနိုင်ရေး အစီအစဉ်တစ်ခုအဖြစ် တန်ဆောင်မုန်းလပြည့်နေ့၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ်မသိုးသင်္ကန်းကပ်လှူပူဇော်သွားမည် ဖြစ်သည့်အတွက် ယနေ့ ညနေပိုင်းမှစတင်၍ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင်ကိုးစင်ဖြင့် မသိုးသင်္ကန်းကို အားကြိုးမာန်တက် စတင်ရက်လုပ်နေကြရာ အဆိုပါရက်ကန်းရက်လုပ်နေမှု အဆင့်ဆင့်ကို အားပေးလေ့လာကြည့်ရှုကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

အထူးစည်ကားလျက်ရှိ

ထို့ပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံများလွှတ်တင်၍ပူဇော်ခြင်းကုသိုလ်ထူးကို ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိသည့်အတွက် မီးပုံးပျံမလွှတ်တင်မီ အစောပိုင်းကပင် ဘုရားပရိဝုဏ်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး မီးပုံးပျံများလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန်ရောက်ရှိသည့် အခါတွင် ဘုရားဝင်းအတွင်းသတ်မှတ်နေရာများအလိုက် မီးပုံးပျံ အသေးများ၊ အလှည့်မီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းတို့ဖြင့်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

အလားတူ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတအဖွဲ့နှင့်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ကြူးရေးစပ်ထားသည့် တေးသီချင်းကောင်းများဖြင့်လည်းကောင်း၊ သရုပ်ဖော်အကအလှများဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြရာ လာရောက်အားပေးနားဆင် ကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် ဘုရားဖူးလာ ပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်စွာဖြင့် ဝယ်ယူအားပေးကြသူများကိုလည်း တွေ့မြင်ရသည်။

ကုသိုလ်ကောင်းမှုပြုလုပ်

အလားတူ ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်းထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်အား နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်း လပြည့်နေ့တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည် ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဥဇာတော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ ရသကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ်၊ ဓာတ်ပုံ-ထိန်အေး

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ပြည်သူများ။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်မှာ ဆီမီးပူဇော်တာတွေ၊ မီးပုံးပျံလွှတ်တင်တာတွေ၊ မီးရှူးမီးပန်း ပစ်ဖောက်ပူဇော်တာတွေ မြင်တွေ့ရတာ အလွန်ကြည်ညိုဖွယ် ကောင်းလွန်းပါတယ်

ဒေါ်ခင်ဝင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တွင် ယမန်နေ့ ညနေပိုင်းမှစတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ အလှည့်မီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ခြင်း၊ နာမည်ကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်၍လည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း စသည့်အစီအစဉ်ကောင်းများဖြင့် ကျင်းပပေးလျက်ရှိရာ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူ လာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို မေးမြန်းရေးသား ဖော်ပြလိုက်ပါသည်။

အရှင်အဂ္ဂဓမ္မ
(နေပြည်တော်၊ ဗုဒ္ဓဂါယာကျောင်းထိုင်ဆရာတော်)

မာရဝိဇယဘုရားကြီးကို ဦးပဉ္ဇင်းရဲ့ ခမည်းတော်၊ မယ်တော်နဲ့ ရန်ကုန်က နောင်တော်ကြီးတစ်ပါးကို လိုက်ပို့ရင်း လာရောက်ဖူးမြော်တာပါ။ ဒီဘုရားကြီးကို လာရောက်ဖူးမြော်တာ အခုဆိုရင် ခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက်ရှိပါပြီ။ ဘုရားကြီးက အေးချမ်းတယ်။ ကြည်ညိုစရာလည်း ကောင်းတယ်။ လာရောက်ဖူးမြော်ကြဖို့လည်း တိုက်တွန်းတယ်။ ဘုရား၊ ကျောင်းကန်တွေ တည်ဆောက်တယ်ဆိုတာ မင်းကောင်းမင်းမြတ်တွေ လုပ်ဆောင်ကြတဲ့ အရာတွေလည်း ဖြစ်တယ်။ နောင်ခေတ်တွေမှာလည်း ဘုရားကြီးက သမိုင်းတစ်ခုအနေနဲ့လည်း ကျန်ရစ်မှာပါ။ မာရဝိဇယဘုရားကြီးဟာ နေပြည်တော်မှာလည်း အထင်ကရ တစ်ခုဖြစ်သလို၊ မြန်မာနိုင်ငံရဲ့ အထင်ကရနေရာတစ်ခုလည်းဖြစ်တယ်။ ဘုရားလာဖူးကြတဲ့ သူတိုင်းက စိတ်အေးချမ်းသာကြရတယ်။ ပီတိဖြစ်ကြရတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အခုလို ဘုရားကြီးကို တည်ထားပေးတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

ဦးအောင်ရာဇာဖြိုး(မီးသတ်အရာရှိ)

မာရဝိဇယဘုရားကြီးမှာ မီးထွန်းပွဲတော်ကျင်းပတဲ့အခါ မီးရှူးမီးပန်းပစ်ဖောက်ပူဇော်မယ့်နေရာနဲ့ မိုးပုံးပျံလွှတ်တင်တဲ့အခါမှာ မီးပွားတွေကျပြီး မီးလန့်မှုတွေ၊ မီးလောင်မှုတွေမဖြစ်ပွားရအောင် လာရောက်ပြီး မီးငြိမ်းသတ်ရေးတာဝန်တွေ ထမ်းဆောင်တာဖြစ်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် ၆၀၊ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ကျောလွယ်မီးငြိမ်းသတ်စက် ၁၀ လုံး၊ DCP ဘူး ၂၀ ၊ HNE ငါးလုံးတို့ကို အသင့်စုဖွဲ့ထားပါတယ်။ ကြီးကြပ်ကွပ်ကဲမှုကတော့ တိုင်းမီးသတ်ဦးစီးမှူးကနေ ဆောင်ရွက်ပါတယ်။

ဒေါ်စောသိန်းဦး(ဇေယျာသီရိမြို့နယ်)

မာရဝိဇယဘုရားကြီးကို သုံးကြိမ်မြောက် လာရောက်ဖူးမြော်တာပါ။ ဒီနေ့မှာ မာရဝိဇယဘုရားကြီးအပြင် နေပြည်တော်တစ်ခွင်မှာရှိတဲ့ ဘုရားတွေကို အပေါင်းအသင်းမိတ်ဆွေတွေနဲ့အတူ တန်ဆောင်တိုင် အလုပ်ပိတ်ရက်ကာလမှာ လာရောက်ဖူးမြော်တာပါ။ လပြည့်နေ့မှာ မလာဖြစ်တော့ ဒီနေ့မှာ ဘုရားကြီးကို လာပြီး ဖူးမြော်ကြတာပါ။

ဦးအောင်ရာဇာဖြိုး

ဒေါ်စောသိန်းဦး

ဒေါ်ခင်ဝင်း

ဒေါ်ချို့နွယ်ငွေးဝင်း

ဦးစိန်ကုလား

ဦးနိုင်ထက်လင်း

ဒေါ်ခင်ဝင်း
(မိတ္ထီလာမြို့နယ်)

မာရဝိဇယဘုရားကြီးကို ပြည်သူတွေအနေနဲ့ အခမဲ့ဖူးမြော်ခွင့်ပြုတယ်ဆိုတဲ့ သတင်းတွေကြားကတည်းက ဖူးမြော်ချင်တဲ့ ဆန္ဒတွေ အမြဲဖြစ်ပေါ်မိပါတယ်။ ရုပ်မြင်သံကြားသတင်းတွေမှာ ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အခုအခါ မိသားစု၊ ရုပ်ဆွေရုပ်မျိုးတွေစုပြီး ကားနှစ်စီးနဲ့ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်မှာ ဆီမီးပူဇော်တာတွေ၊ မီးပုံးပျံလွှတ်တင်တာတွေ၊ မီးရှူးမီးပန်း ပစ်ဖောက်ပူဇော်တာတွေ မြင်တွေ့ရတာ အလွန်ကြည်ညိုဖွယ် ကောင်းလွန်းပါတယ်။ ဦးဆောင်ဘုရားဒကာကြီးဖြစ်တဲ့ နိုင်ငံတော် ဝန်ကြီးချုပ်ကြီးကိုလည်း ဘာသာသာသနာကို အခုလို ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့

အရှင်အဂ္ဂဓမ္မ

အတွက် အသက်ရာကျော်ရှည်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ နိုင်ငံသူနိုင်ငံသားတွေအားလုံးလည်း ကျန်းမာချမ်းသာပါစေလို့ ဘုရားကြီးကို ဖူးမြော်ရင်း ဆုတောင်းပေးပါတယ်။

မချို့နွယ်ငွေးဝင်း
(ပြန်ကြားရေးဝန်ကြီးဌာန ဝတ်ရွတ်အသင်း)

ဒီနေ့မှာတော့ မာရဝိဇယဘုရားကြီးမှာ ဝန်ကြီးဌာနကိုယ်စားပြုဝတ်ရွတ်အသင်းအနေနဲ့ လာရောက်ရွတ်ဖတ်ပူဇော်ကြတာပါ။ အခြားဝတ်ရွတ်အသင်း ၂၅ သင်း၊ လူဦးရေ ၆၆၀ က ဓမ္မစကြာ၊ ဥပ္ပါတသန္တိသုတ် ပါဠိတော်နဲ့ အရပ်ဆယ်မျက်နှာမေတ္တာပို့ အမျှဝေတာတွေကို လုပ်ဆောင်ကြမှာပါ။ အခုလို ဗုဒ္ဓဘာသာတွေရဲ့ အခါကြီးရက်ကြီးမှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ပရိတ်၊ ပဋ္ဌာန်းပါဠိတော်တွေကို လာရောက်ရွတ်ဖတ်ပူဇော်ရတာ ကုသိုလ်ရသလို ဝမ်းသာပီတိဖြစ်ရပါတယ်။ နောင်လည်း အခါအခွင့်ကြုံတိုင်းမှာ ဒီလိုမျိုး ဝတ်ရွတ်အသင်းတွေအနေနဲ့ လာရောက်ရွတ်ဖတ်ပူဇော်သွားမှာပါ။ မနေ့ကလည်း ဘုရားကြီးကို ဖူးမြော်ရင်းနဲ့ ဘုရားပွဲတော်ကို လာရောက် လည်ပတ်ဖြစ်ပါတယ်။ တော်တော်များများ ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက်လည်ပတ်ကြတာ တွေ့ရပါတယ်။

ဦးစိန်ကုလား (ရက်ကန်းကြီးကြပ်သူ)

မာရဝိဇယဘုရားကြီးကို ပထမဆုံးအကြိမ် မသိုးသင်္ကန်းကပ်လှူပူဇော်ဖို့အတွက် လာရောက်ကုသိုလ်ယူပါဝင်အားဖြည့်တာဖြစ်ပါတယ်။ ရက်ကန်းအဖွဲ့တွေကတော့ မြောက်ဥက္ကလာ၊ တွံတေး၊ ရွှေပြည်သာ၊ ပဲခူးမြို့တွေကနေ ပါဝင်ကြပြီး ရက်ကန်း ကိုးစင် ဖြစ်ပါတယ်။ မသိုးသင်္ကန်းဆိုတာ နေ့မကူးဘဲ တစ်ရက်တည်းအပြီးရက်လုပ်ပြီး ပူဇော်ရတာဖြစ်ပါတယ်။ မသိုးသင်္ကန်းကို ရက်လုပ်ပူဇော်တဲ့ ဦးဆောင်ဘုရားဒကာကြီး နိုင်ငံတော်ဝန်ကြီးချုပ်အပြင် လာရောက်ဖူးမြော်တဲ့ ဗုဒ္ဓဘာသာဝင်တွေအတွက်ပါ ကုသိုလ်တွေရရှိမှာဖြစ်ပါတယ်။ အခုလိုလုပ်အားဒါန ကုသိုလ်ပြုပါဝင်ခွင့်ရတဲ့ အကျိုးကျေးဇူးကြောင့် အားလုံးကျန်းမာချမ်းသာ ဘေးဘယာတွေ ကင်းဝေးကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

ကိုနိုင်ထက်လင်း
(MSME Association တွဲဖက်အထွေထွေအတွင်းရေးမှူး ၄)

မာရဝိဇယဘုရားကြီးမှာ တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပတဲ့အတွက် နိုင်ငံတစ်ဝန်းက လာရောက်ဖူးမြော်ကြည်ညိုကြတဲ့ ရဟန်းရှင်လူပြည်သူတွေကို ကျွန်တော်တို့ MSME လုပ်ငန်းတစ်ခုဖြစ်တဲ့ ကျွန်းနက်နဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ထုဆစ်ထားပြီး လာရောက်ပြသရခြင်းဖြစ်ပါတယ်။ ကျွန်းနက်နဲ့ထုဆစ်ပူဇော်ထားတဲ့ မာရဝိဇယပုံတူ ဗုဒ္ဓရုပ်ပွားတော်တွေ၊ ကျွန်းနက်နဲ့ ပြုလုပ်ထားတဲ့ ပုတီး၊ ကျွန်းနက်နဲ့ ပြုလုပ်ထားတဲ့ အမွှေးတိုင်တွေ၊ သံလျက်အဆောင်တွေ လည်ဆွဲ၊ ပုစိန်လည်ဆွဲတွေကို ပြသရောင်းချပေးပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအနေနဲ့ ကျွန်တော်တို့ MSME အဖွဲ့တွေကို အရင်တုန်းကနဲ့မတူဘဲ အခုအခါ MSME တွေကို တစ်စုတစ်စည်းတည်း ပြသရောင်းချခွင့်ရအောင် ခွင့်ပြုပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းကနေ ဆက်လက်ကြိုးစားသွားပါမယ်။ ဘုရားဖူးလာပြည်သူတွေကလည်း ကျွန်းနက်နဲ့ပြုလုပ်ထားတဲ့ ပစ္စည်းတွေကို လာရောက်အားပေးဝယ်ယူကြတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ မာရဝိဇယဘုရားကြီးဖူးမြော်ပြီး လိုအင်ဆန္ဒတွေပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

တွေ့ဆုံမေးမြန်း-ဟိန်းထက်ဇော်
(မြန်မာ့အလင်း)
ဓာတ်ပုံ-အိမ့်ဘီလီယံမောင်

❂ကျောဖုံးမှ

နိုဝင်ဘာ ၂၅ ရက်၊၂၆ ရက်နှင့် ၂၇ရက်တို့တွင်လည်း နံနက် ၅နာရီမှ ည ၈ နာရီအထိ ဖူးမြော်နိုင်မည်ဖြစ်ကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးက ရှင်းပြသည်။ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားလျက်ရှိကာ ဂေါပကဥက္ကဋ္ဌထားရှိသည့် ဘုရားများဖြစ်သော တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ဗူးဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ မနူဟာဘုရား၊ ရွှေဆံတော်ဘုရား၊ အလိုတော် ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ပြဿကြီးဘုရား၊ မဟာဗောဓိဘုရား၊ ထီးလိုမင်းလိုဘုရား၊ မြစေတီဘုရားများတွင် ဘုရားဖူးများ စည်ကားလျက်ရှိပြီး သမိုင်းဝင်ဘုရားများ ဖြစ်သည့် နဂါးရုံဘုရား၊ စိုးမင်းကြီးဘုရား၊ စိုးမင်းကြီးအုတ်ကျောင်း၊ အပါယ်ရတနာဘုရား၊ ငကြွဲ နားငွေ့ခြင်းဘုရား၊ ပုထိုးသားများဘုရား၊ ခေမင်္ဂဘုရားဝင်း၊ ရင်မနားဘုရားဝင်း၊ သိကြားပုန်းဘုရား၊ သိကြားဟစ်ဘုရား၊ တာမဏီသိမ်းကျောင်း၊ မင်းနန်းသူဘုရားသုံးဆူ၊ တရုတ်ပြေး ဘုရား(ခေါ်) နရသီဟပတေ့ဘုရား၊ သမ္ဗူလဘုရား၊ သစ္စာဝတီဘုရား၊ အနုမြူကပ်ကျော်ဘုရား၊ မျက်တော်ပြေဘုရား၊ အင်ကြင်းဂူဘုရား၊ ဗူးလည်သီးဘုရား၊ ရွှာဟောင်းကြီးဘုရား၊ ဝတ္တာနထောဘုရားဝင်း၊ ဆူးလေကုန်းဘုရားစု၊ ရှင်အဓူဂေါနဘုရား၊ ဂူနီဘုရား(ခေါ်)ကူးနီးဘုရား၊ ခြောက်ဘုရားလှ ဘုရားများတွင်လည်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများက ရှေးဟောင်း နံရံဆေးရေးပန်းချီများ၊ ကနုတ်ပန်း၊ ကျောက်ဆစ်ပန်း၊ အင်္ဂတေများအား စိတ်ဝင်တစားလေ့လာမှု များပြားလာခဲ့ကြောင်း၊ တန်ဆောင်တိုင် ရုံးပိတ်ရက် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

တန်ဆောင်မုန်း

မောင်လူမွေး(မြန်မာမှု)

တန်ဆောင်မုန်းလကို ပုဂံခေတ်ထိုးကျောက်စာများတွင် “တန်ဆောင်မှုန်” ဟု ဝိသဇ္ဇနီ (ဝစ္စပေါက်) မပါဘဲ ရေးထိုးကြ၏။ “တန်ဆောင်မုန်း၊ တန်ဆောင်မှုန်း” အရေးအခေါ်နှစ်ရပ် ကွဲပြားသော်လည်း သဘောတူပင်ဖြစ်လေသည်။ အင်းဝခေတ်လောက်တွင်“တန်ဆောင်မုန်း” ဟု “မှုန်း”တွင် ဟထိုးဖျောက်၍ ရေးလာကြ၏။ ပုဂံခေတ်က ရေးခဲ့သော “ဖုရှား” “နပဲပင်” ဟုရေးသော ဝေါဟာရအချို့တွင် “ရှား” “နှံ” တို့၌ ဟထိုးဖျောက်ကာ “ဖုရား” “နပဲပင်” ဟု ရေးလာကြလေသည်။

တန်ဆောင်တွင် “တန်” ပုဒ်သည် တန်လုပ်၊ တန်လျှပ်၊ သက်တန် ဆိုသည့် သဘောသွား၊ တန်နှင်ကနွေ (တနင်္ဂနွေ)၊ တန်နှင်လာ (တနင်္လာ) ကဲ့သို့သော နေ၊ နေ့ဟော အရောင် အလင်းရောင်ဟော “တန်” ပုဒ်နှင့် အလားတူဖြစ်ကြောင်းကို တရုတ်၊ တိဗက်၊ စီးယင်ချင်း၊ မွန်၊ ပလောင်၊ တင်ခုလ်နာဂ၊ လိုင်နာဂ စသည့်လူမျိုးစုများ၏ဝေါဟာရများနှင့်ဆက်စပ်၍ **“အလင်းရောင်”** ဟုအဓိပ္ပာယ်ရသည်။

“ဆောင်” ပုဒ်မှာ သယ်ဆောင်၊ ယူဆောင်၊ ထမ်းဆောင်၊ ရွက်ဆောင်၊ လက်ဆောင် စသည်တို့ကဲ့သို့ **“သယ်ပိုးထမ်းရွက်ယူငင်”** သည်ဟူသော အဓိပ္ပာယ်ရသည်။

“မှုန်း” ပုဒ်သည် ခြေမှုန်း၊ ဖျက်မှုန်း၊ နှမ်းပဲမှုန်း စသည်ကဲ့သို့ ချေဖျက်ခြင်းသဘော နံ့သာမှုန်း၊ ပန်းချီဆေးမှုန်း စသည်တို့တွင် သုံးသကဲ့သို့ပွားများခြင်းသဘောဆောင်ကြောင်းကို လူမျိုးစုများ၏ ဝေါဟာရအသုံးအနှုန်းများနှင့်လည်းကောင်း၊ ပျို့ကဗျာလင်္ကာများမှ ဝေါဟာရအသုံးအနှုန်းများကို ကိုးကား၍လည်းကောင်း **“...ထို့ကြောင့် တန်ဆောင်မှုန်းလ၊ တန်ဆောင်မုန်းလ၏အနက် မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလ၊ ထွန်းညှိသောလ၊ မီးထွန်းလ”** ဟု ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားပေသည်။

ဝေါဟာရ လီနတ္ထဒီပနီကျမ်းပြု လေ့သင်းအတွင်းဝန် ဦးခြိမ့်နှင့် ဆရာကြီး ဦးဖိုးလတ်တို့၏အဆိုမှာ တချို့လ ဝေါဟာရများ သဘောကြံဆမှုတွင် ကိုက်ညီသည်ကို တွေ့ရပေသည်။

ကထိန်။ ။ ဗုဒ္ဓလက်ထက်တော်အခါက ပါဝေယျတိုင်းသားဖြစ်သော ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ကို အကြောင်းပြု၍ ကထိန်ဖြစ်ပေါ်လာလေသည်။ ဗုဒ္ဓဘုရားရှင် တစ်ဝါရတွင် ဗာရာဏသီပြည်မှ ဥရုဝေလတောသို့ တစ်ပါးတည်း ဒေသစာရီကြွချီခဲ့စဉ်က လမ်းခရီးအကြားရှိ ကပ္ပါသိက မည်သော တောအုပ်၌ အပန်းဖြေနေစဉ် ထိုညီနောင်သုံးကျိပ်နှင့် တွေ့လေသည်။ ထိုအထဲတွင် ၂၉ ယောက်မှာ အတွဲစုံညီ ဒွိယံဒွိယံ ဖြစ်သော်လည်း တစ်ဦးမှာမူ အဖော်မရှိ၍ အပျော်တွဲရန် (ပြည့်တန်ဆာ) ကို ခေါ်ယူခဲ့၏။ ထိုပြည့်တန်ဆာက သူတို့အလစ်တွင် ပစ္စည်းများကို ခိုးယူထွက်ပြေးသွား၏။ ထိုပြည့်တန်ဆာကို ရှာဖွေနေကြစဉ် ဘုရားရှင်နှင့် တွေ့ဆုံခြင်းဖြစ်သည်။ ဘုရားရှင်က အကျိုးအကြောင်း သိရှိရသောအခါ “ကိုယ့်ဘဝကို ကိုယ်မရှာကြဘဲကိုး” ဟု ဩဝါဒခြွေ တရားဟောရာမှ တရားရကာ အားလုံး ဧဟိဘိက္ခု ရဟန်းအဖြစ်ခံယူ၍ တိစီဝရိတ် (သင်္ကန်းသုံးထည်သာဆောင်ခြင်း) စသော ဓုတင်တို့ကို ကျင့်ဆောင်နေကြကုန်၏။

ကာလအတန်ကြာသော် ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် ဘုရားရှင်အားဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည်သို့ ကြွလာကြရာ ဝါမဆိုမီ မရောက်နိုင်ကြ၍ ကြားဒေသဖြစ်သော သာကေတမြို့၌ ဝါကပ်ကြရ၏။ သာကေတမြို့နှင့် သာဝတ္ထိမြို့ကား ၆-ယူဇနာ (၄၈ မိုင်)ခန့် ကွာဝေး၏။ သီတင်းဝါလကျွတ်သောအခါမှ တစ်ဆင့်သွားကြရ၏။ ရှေးကဟောစာတွင်- “ပဝါရဏာပြုကြပြီး၍ သာဝတ္ထိသို့ ခရီးဆက်ကြကုန်ရာ လမ်းခရီး၌ တိမ်လွှာယှက်ရုံ၊ ပဇ္ဇုန်ဆူလိုက်၊ မြိမ်းရိုက် ထက်ကြိုး၊ သည်းထန်စွာ ရွာသွန်းသော မိုးကြီးနှင့်တွေ့၊ ရွှံ့ညွှန်းရေပြွမ်း ခရီးကြမ်း၌၊ သင်္ကန်း စိုရွှဲ၊ ဆင်းရဲလှစွာ၊ ရောက်လာကြရာ ယင်းသို့ ရွှံ့နှစ်ညွှန်စေး၊ ညစ်ကြေးစွဲကပ်သော သင်္ကန်းများဖြင့် လမ်းပန်းမကောင်း၊ ညွှန်ပြောင်းထူပြော၊ ရွှံ့ရေပေါ၍ ပန်းမောခွေယိုင် အနိုင်နိုင် အားခဲ၍လာခဲ့ကြရာ...” ဟူသော ဗုဒ္ဓဝင်ဟောစာမှာကဲ့သို့ သင်္ကန်းဟောင်းနွမ်း ဝတ်ရုံရာ အဆင်မပြေမှုများကိုအကြောင်းပြု၍-

(၁) အဓိဋ္ဌာန်တင် သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကို ထား၍ မပင်မပန်း ပေ့ါပါးရွှင်လန်းသွားနိုင်ကြပါစေ။

(၂) သင်္ကန်းရှားပါး နွမ်းပါးခြင်းမှ ကင်းကြပါစေ စသောရည်ရွယ်ချက်တို့ဖြင့်ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူရာမှ ကထိန်ခင်းခြင်း (ခ) ကထိန်ပွဲတော် ဖြစ်ပေါ်လာလေသည်။

(ဝဇီရဗုဒ္ဓိဋီကာဆရာဖွင့်ဆိုချက်အရ အဇာတသတ်မင်းလက်ထက် ဘုရားရှင် ၃၇-ဝါကျော် ဥရုဝါကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ကထိန်ပွဲတော်ဖြစ်ပေါ်လာကြောင်းလည်း တွေ့ရ)

ကထိန်ဆိုသည်မှာ ကထိန ပါဠိဘာသာမှ ပါဠိပျက်အဖြစ်သုံးကာ (ကထိန=ကထိန်) ဟု သုံးခြင်းဖြစ်၏။ မြန်မာလို “ကောင်း၏”၊ “ကောင်းခြင်း” ဟု ချီးကျူးဩဘာထောမနာပြုသော ဝေါဟာရဖြစ်၏။ သင်္ကန်းအဝတ်ကို ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသည့်ကထိန်မှုနှင့်စပ်သမျှ အရာများကို ခြုံ၍ခေါ်ဝေါ်သော ဝေါဟာရဖြစ်လေသည်။

ကထိန်သည် ကာလဒါနမျိုးဖြစ်သည့်အပြင် ဝိနည်းကံနှင့်အညီ လှူဒါန်းရသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ ကာလတွင်သာ လှူဒါန်းရသော အလှူဖြစ်ပေသည်။

ကထိန်ခင်းထိုက်သောသင်္ကန်း ကထိန်လှူဒါန်းနည်း၊ ကထိန် အကျိုးအာနိသင်၊ ကထိန် သင်္ကန်းရရှိသော ရဟန်းတော်၏ အခွင့်အရေး စသည်ဖြင့် ကျယ်ပြန့်လှပေ၏။ ရှေးခေတ်က ကထိန်ခင်းသောအခါ ကထိန်အမေးအဖြေ ပြုကြရ၏။ ထိုအမေးအဖြေကို ရေးသားပြုစုသော ဆရာတော်မှာ “ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်

> ❖ **တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်၍ ပြည့်ဝ၏။ ကြတ္တိကာနက္ခတ်သဘောမှာ ပေါက်ကွဲစေတတ်သော၊ အလင်းရောင်ကွန့်မြူးသော၊ ပျော်ရွှင်မှုအားလုံး၊ ဆေးဘက်ဆိုင်ရာ စသည်များကို ညွှန်းဆိုပါ၏။ ထို့ကြောင့် နက္ခတ်ပွဲသဘင်ဆင်ယင်ကျင်းပကြ၏။ ဆေးပေါင်းခသည်ဟု မဲဇလီဖူး သုပ်စားကြ၏။**
>
> ❖ **ထိုနက္ခတ်မှာ မိဿရာသီအဆုံးနှင့် ပြိဿရာသီ အစတွင်တည်ရှိ၏။ တာရာကြီး ကိုးလုံး အနက် ကျီးတာရာအဝိုင်းအဝန်းတွင်တည်ရှိ၏။**

သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ လူဖြစ်ရလေ၊ တို့တတွေသည်၊ သေသော်မှတည့်...ဩော်ကောင်း၏”ဟု ရေးခဲ့သော ဆီးဘန်းနီ(ဇီးပနီ) ဆရာတော် ဖြစ်ပေသည်။ ကထိန်အမေးအဖြေ အခြားမူများရှိသော်လည်း ဆရာတော်၏ အမေးအဖြေမှာ သာမန်လူများ နားလည်လွယ်၍ အသုံးများပေသည်။

မသိုးသင်္ကန်း။ ။ ဘုရားရှင်လက်ထက်က သံဃာတော်များ ကိုယ်တိုင် သင်္ကန်းများကို ချုပ်ဆိုးကြရသည်။ ကထိန်ခင်းရန်အတွက် လှူဒါန်းသော သင်္ကန်းကို ညသိပ်သိမ်းဆည်းမထားဘဲ လှူဒါန်းသည့်နေ့ အရုဏ်မတက်မီအတွင်း သင်္ကန်းအပ်နှင်းမှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင် လုပ်ဆောင်ရသောသင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်လေသည်။ ထိုသင်္ကန်း ချုပ်ဆိုးမှု နောက်တစ်နေ့ အရုဏ်တက် ကျော်သွားပါက (ထမင်းဟင်းစသော အစားအစာများကို အချိန်မီမစားဘဲ အချိန်လွန်သည်အထိ ညသိပ်ထားသဖြင့် သိုးသွားသည့်အခါ ထမင်းသိုး၊ ဟင်းသိုး စသည်ဖြင့် ခေါ်ဆိုသကဲ့သို့) ပြုလုပ်ဆဲ သင်္ကန်းသည် သိုးသွားတော့သည်။ ထို့ကြောင့် မသိုးမီ အချိန်မီပြုလုပ်ရသော သင်္ကန်းကို မသိုးသင်္ကန်းဟု ခေါ်ကြလေသည်။

ပိဋကတ်တော်တွင်လာသော ထိုနည်းနှင်နှင်အကြောင်းအရာမှာ ကာဠုဒါယီ အမတ် ဂါထာ-၆၀ လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင် ကပိလဝတ် ရွှေနန်းတော်သို့ ကြွမြန်းလာသောအခါ မိထွေးတော် ဂေါတမီက ကိုယ်တိုင် သင်္ကန်းကို ချုပ်ဆိုးရက်လုပ်၍ သားတော်ကို ကပ်လှူမည့်အကြံဖြစ်ပြီး ဒုတိယအကြိမ် ကြွရောက်သောအခါ လှူဖြစ်ခဲ့ကြောင်းကို တွေ့ရ ပေသည်။ (ဥပရိပဏ္ဏာသပါဠိတော်-အဋ္ဌကထာ-ဒက္ခိဏာဝိဘင်္ဂသုတ်) သို့သော် ထိုအချိန်တွင် ကထိန်သင်္ကန်းအလှူကို ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မမူသေးပေ။ ထို့ကြောင့် ကထိန်နှင့်ဆက်နွှယ်နေသော မသိုးသင်္ကန်းသည်လည်း မပေါ်ပေါက်လာသေးပေ။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကားလာသောအခါ သာသနာကို လေးစားကြည်ညိုမြတ်နိုးသည့် ရှေးမြန်မာဘုရင်များသည် မိထွေးတော် ဂေါတမီသင်္ကန်းစီစဉ်သကဲ့သို့ မသိုးသင်္ကန်းရက်လှူပွဲကို တီထွင်ဖန်တီးခဲ့ကြဟန်တူပေသည်။ ထို့ကြောင့် မသိုးသင်္ကန်းလှူရာတွင် သံဃာတော်ကို လှူခြင်းမဟုတ်ဘဲ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုသာ လှူခြင်းဖြစ်ပေသည်။ မသိုးသင်္ကန်းရက်လုပ်မှုနှင့် ဆက်စပ်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး တတိယတွဲတွင် အကျယ်တဝင့် တွေ့နိုင်ပေသည်။ ထိုအကြောင်းအရာမျိုးကိုပင် နယ်လှည့်ရာဇဝင်တွင်- မသိုးသင်္ကန်းရက်လုပ်စဉ် သူထက်ငါ အပြိုင်အဆိုင်လုပ်ဆောင်ရပုံနှင့် ပျော်ပွဲရွှင်ပွဲကို...

“...ညည့်နှစ်ချက်တီး ပဟိုရ်တော်သံ ကြားသည်နှင့်တစ်ပြိုင်နက် မျိုးစေ့ကြဲမြှောက်၊ ပင်ရောက်ပွင့်သီး၊ လုံးကြီးဝါပေါက်၊ ကောက်ယူမဆိတ်၊ အကြိတ်အဖန်၊ ပြန်လှန်တံ့ပယ်၊ ရှယ်ခြင်း၊ ရက်ခြင်း၊ ဆိုးခြင်း စုံလင် အစီအရင်တို့ကို မသိုးသင်္ကန်းတော် ကြီးကြပ်ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်၊ ပိတ်အုပ်၊ သက္ကလက်ခြုံထည်များ သနားတော်မူ၍ ဦးစွာပြီးသူတို့ ရွှေဖလားသနားတော်မူသည်။ မြင်းစုကြီးဝန်မယားမှာ ချည်ခင်ကို နေအိမ်က ဆောင်ယူလာ၍ ထည့်သွင်းရက်လုပ်ရန် မှတ်ထားသည်ကို တွေ့ရသောကြောင့် ရွှေနန်းတော်ကို လှည့်၍ ဒိုးပတ်နှင့် ကရသည်” ဟု ဖော်ပြထားလေသည်။

“ဒိုးပတ်နှင့်ကရရှာတဲ့ မြင်းစုကြီးဝန်မယားကို လှောင်ရင်း၊ ပြောင်ရင်း၊ အင်မတန် ပျော်ရမယ့်ပွဲဖြစ်ပါတယ်။ အဲဒီပွဲနှင့်တစ်ဆက်တည်း တန်ဆောင်တိုင်မီးပွဲဟာလည်း ပျော်စရာပါပဲ။ မီးပြသာဒ်တွေ ထွန်းညှိပူဇော်ကြရတယ်...” စသည်ဖြင့် ဆရာကြီး ဒေါက်တာသန်းထွန်းက (နယ်လှည့်ရာဇဝင်-စာ-၃၀၈-၃၀၉) တွင် တန်ဆောင်တိုင်ပွဲသမိုင်းမှတ်တမ်းကို လေ့လာတင်ပြထားသည်ကို တွေ့ရပေသည်။ ယနေ့တိုင်လည်း မြန်ပြည်တစ်ခွင် တန်ခိုးကြီး ဘုရားစေတီအသီးသီးတွင် တိုင်းနှင့်ပြည်နယ်အလျောက် မသိုးသင်္ကန်းကျင်းပပြုလုပ်ကြမြဲ ရှိပေသည်။

ပံ့သကူ။ ။ တန်ဆောင်မုန်းလ၏ ပွဲတော်ထဲတွင် ပံ့သကူပစ်ပွဲသည်လည်း တစ်ခု အပါအဝင်ဖြစ်ပါ၏။ ပွဲတော်ဟု သုံးရသော်လည်း လူစုလူဝေးများနှင့် ထင်ထင်ရှားရှား ပြုလုပ်သော ပွဲမျိုးမဟုတ်ပေ။ လူအများကွယ်ရာတွင်ဖြစ်စေ၊ ညအမှောင်တွင်ဖြစ်စေ၊ သင်္ကန်း စသည့်သံဃာအသုံးအဆောင်ပစ္စည်းများကို တိတ်တဆိတ်စွန့်ပစ်လှူဒါန်းခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာတို့ကျင့်စဉ်ထဲတွင် ဓုတင် ၁၃-ပါးဟုရှိ၏။ ထို ၁၃ ပါး ထဲတွင် ပံ့သကူ ဓုတင် သည်လည်းပါဝင်၏။ စွန့်ပစ်ပြီးသောအဝတ်အထည်ကို မြေမှယူ၍ ချုပ်ဆိုးဝတ်ရုံသော သင်္ကန်းကို (ပံသု=မြေမှုန့်၊ ကု=စက်ဆုပ်ရွံရှာဖွယ် အဖြစ်သို့၊ ဥလ=ရောက်သောအဝတ်ပိုင်း)

ပံ့သကူ ဟုခေါ်လေသည်။ ဗုဒ္ဓဝင်ဆိုင်ရာတွင် ပံ့သကူနှင့်ဆက်စပ်၍ ဘုရားရှင် အရှင်အနုရုဒ္ဓါ သီဟိုဠ်ကျွန်း ပံ့သကူပစ်ပွဲစသည်ဖြင့် အခန်းကဏ္ဍအနေနှင့် အကြောင်းအားလျော်စွာ တွေ့ရပေသည်။ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်မစံဝင်မီ ရှင်မဟာကဿပ တပည့်ကြီး (မဟာသာဝက) အား မိမိ၏ထူးခြားသော ပံ့သကူ နှစ်ထပ်သင်္ကန်းကြီးကို ချီးမြှောက်ပေးအပ်တော်မူသော အခန်းကို သီတဂူဆရာတော်ကြီးက ဒဿနဆန်ဆန်ဟောကြားသွားရာ အလွန် မှတ်သားနာယူဖွယ်ရာ ဖြစ်ရပါ၏။

မြန်မာနိုင်ငံတွင် ပုဂံခေတ် သက္ကရာဇ် - ၅၆၃ ခု ထိုး သင်ကြီးညောင်အုပ်ကျောက်စာတွင် - “ပုရှာလေပြီအေ်။ ပုထိုပ်လေပြီအေ်။ က(မိ)န်ပံသ်ကူလေပြီအေ်” - (ဘုရားလဲတည်၏၊ ပုထိုး(စေတီ)လည်းတည်၏၊ ကထိန်ခင်း၍ ပံ့သကူလည်းလှူ၏။)

ဟူသောကျောက်စာအရ ပံ့သကူပစ်ကုသိုလ်ပြုသည့် အလှူဖြစ်ကြောင်း သိရပါ၏။ ပုဂံခေတ် နရသူမင်းနှင့် ပံ့သကူမထေရ်ဖြစ်ရပ်သည် မြန်မာ့သမိုင်းစဉ်တွင် ထင်ရှားပါ၏။ ထို့အတူ နရပတေ့စည်သူမင်းလက်ထက်တွင် ပံ့သကူဆောင် ငစွယ်ရှင် ဆရာတော်မှာ ထင်ရှားလှပေသည်။

စာမျက်နှာ ၁၁ သို့

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၆

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ် သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံ မဏ္ဍပ်တွင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ၎င်းတို့၏ဇနီးများ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ဆွမ်းသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရင်ပြင်တော်တွင်ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ် လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ် ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မသိုးမြတ်သင်္ကန်းတော်ရက်လုပ်ပူဇော်ခြင်းကို ဗုဒ္ဓမြတ်ရှင်တော်လက်ထက် ဘိက္ခုနီသာသနာတော်ခေတ်၊ မိထွေးတော်ဂေါတမီအား အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ် ကာလဒါနကို ဖော်ထုတ်ခြင်း၊ ကျေးလက်ယဉ်ကျေးမှုအနုပညာကိုပြသဖော်ထုတ်ခြင်းစသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ရက်လုပ်လှူဒါန်းပူဇော်ရာတွင် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ၊ ကိုးလုံးတကာ စသည့်ရက်ကန်းပညာရှင်အဖွဲ့များနှင့် ကိုးလုံးတကာစက်ချုပ် ပညာရှင်အဖွဲ့တို့က လုပ်အားဒါနပြုကာ ညတွင်းချင်း ရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်တွင် (၅၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်

မိတ္ထီလာ နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် သဒ္ဓမ္မဝံသာရုံ ပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်အတွင်းရှိ နဂါးရုံမဟာဗောဓိစေတီတော်တွင် (၅၃) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ရက်ပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါစေတီတော်၏ ပညာဓိကတန်ဆောင်းအတွင်း ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို သဒ္ဓမ္မဝံသာရုံ ပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ညောင်ပင်လျှိုကတ္တူကန်၊ ကျောက်ပုံ၊ သရက်တန်းနှင့် ရွာသစ်ကျေးရွာတို့မှ ပြိုင်ပွဲဝင်ရက်ကန်းအဖွဲ့များက မယ်ဟေမာ၊ ဂေါတမီ၊ ဝိသာခါ၊ မယ်ယသော်၊ သာမာဝတီ ရက်ကန်းစင်ငါးစင်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ “ပြိုင်ပွဲသဘောမျိုးမဟုတ်တော့ဘဲ ပြိုင်ရက်ပူဇော်တဲ့သဘော ကျင်းပတာပါ။ နှစ်စဉ် ပြိုင်ရက်ပူဇော်နေကျ ကျေးရွာများက ရက်ကန်းအဖွဲ့တွေအားလုံး လာရောက်ပြိုင်ရက်ပူဇော်ကြပါတယ်” ဟု အဆိုပါ စေတီတော်ဂေါပကအဖွဲ့မှ ဦးလှကြီးမောင်က ပြောသည်။

အဆိုပါ မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲမှရရှိခဲ့သော မသိုးသင်္ကန်းများကို သင်္ကန်းတော် မီးကင်ပူဇော်ခြင်း ၊ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်လုပ်ပူဇော်ခြင်း၊ ရွှေကြာပန်းများဖြင့် အလှဆင်ဆက်ကပ်ပူဇော်ခြင်းများ ပြုလုပ်ပြီးနောက် နဂါးရုံမဟာဗောဓိစေတီတော်တွင် အပူဇော်ခံထားရှိသော ဗုဒ္ဓရုပ်ပွားတော်များအား တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၂၇ ရက် နံနက်အရုဏ်အချိန်တွင် ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်းသိရသည်။

ချမ်းသာ (မိတ္ထီလာ)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

စာမျက်နှာ ၁၀ မှ

ဤသို့နှင့် ပံ့သကူဝေါဟာရသည် ခေတ်အဆက်ဆက်တည်ရှိလာရာ နောင်သော ပံ့သကူသင်္ကန်းအဝတ်သာမက အသုံးဆောင်ပစ္စည်းများပါ ပံ့သကူပစ်လှူဒါန်းလာကြလေသည်။ ဥပမာ – သပိတ်ဆိုပါကလည်း ဆွမ်းပါထည့်၍ ပံ့သကူပစ်လှူလာကြတော့သည်။

ယခုအခါ ဘုန်းကြီးကျောင်းကန် ဘုရားတန်ဆောင်းနေရာများရှိ ရဟန်းသံဃာတော်များအတွက်သာမက လူများအတွက်ပါ မြို့ရွာဒေသ လမ်းမလမ်းသွယ်တို့တွင် တန်ဆောင်မုန်းလပြည့်ည၌ ပံ့သကူပစ်လှူဒါန်းစွန့်ကြဲမှုများ ရှိလာရသည်ကို တွေ့ရပေသည်။ “စိတ်ကကြည်စွာ၊ စေတနာဖြင့်၊ သဒ္ဓါဝမ်းတွင်း၊ ပေးလှူခြင်းကား၊ ရခြင်းထပ်သာ၊ လွန်ချမ်းသာ၏” ဆိုသည့်အတိုင်း တန်ဆောင်မုန်းလပြည့်နေ့ည စိတ်ချမ်းမြေ့ကြည်နူးစေသော ကောင်းသောလုပ်ဆောင်မှု ဖြစ်ကြပါ၏။

မီးထွန်းပွဲ။ ။ တန်ဆောင်မုန်းလ မီးထွန်းပွဲတော်သည် ဗုဒ္ဓမပေါ်ထွန်းမီကပင် မဇ္ဈိမဒေသတွင် ထွန်းကားနေပြီဖြစ်ကြောင်းကို ဇာတ်တော်များတွင် တွေ့ရပေသည်။ ရှေးယခင်က သီတင်းကျွတ်လမီးထွန်းပွဲထက် တန်ဆောင်တိုင် မီးထွန်းပွဲက ပို၍စည်ကားသိုက်မြိုက်မှုရှိနေကြောင်းကို မောင်းထောင်ဆရာတော်၏ အမေးတော်ဖြေကျမ်း (သီတင်းကျွတ်လတွင် ဖော်ပြခဲ့ပြီး) အရ သိရပေသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်၍ ပြည့်ဝ၏။ ကြတ္တိကာ နက္ခတ်သဘောမှာ ပေါက်ကွဲစေတတ်သော၊ အလင်းရောင်ကွန့်မြူးသော၊ ပျော်ရွှင်မှုအားလုံး၊ ဆေးဘက်ဆိုင်ရာ စသည်များကို ညွှန်းဆိုပါ၏။ ထို့ကြောင့် နက္ခတ်ပွဲသဘင်ဆင်ယင်ကျင်းပကြ၏။ ဆေးပေါင်းခသည်ဟု မဲဇလီဖူး သုပ်စားကြ၏။

ထိုနက္ခတ်မှာ မိဿရာသီအဆုံးနှင့် ပြိဿရာသီ အစတွင်တည်ရှိ၏။ တာရာကြီး ကိုးလုံးအနက် ကျီးတာရာအဝိုင်းအဝန်းတွင်တည်ရှိ၏။ မုံရွေးဆရာတော်၏ အာကာသ သျှတ္တရကျမ်းတွင် “ကြတ္တိကာကား၊ ခုနစ်ဖြာမှတ်သား၊ လုံးရေပြား၏၊ ကြက်သားစုမျှ၊ ဧည့ဝတီ၊ ပြည်အမီတည့်” ဟုဆို၏။ အရပ်သားအများသိကာမူ “ဖျောက်ဆိပ်ကြယ်စု” ဟုခေါ်ကြ သိကြ၏။ အနောက်တိုင်း နက္ခတ်ရှင်များကမူ “The Pleiades” ဟု ခေါ်၏။

ထိုကြတ္တိကာ နက္ခတ်ကို “ဒဟနိ” မီးနတ်က စောင့်သည်ဟု ရာဇမတ္တဏ်ကျမ်းကဆို၏။

ဆန်းအလင်္ကာကျမ်းတွင်လည်း (ရာ=ရဂိုဏ်း၊ မီး=မီးနတ်သား၊ ကြတ်=ကြတ္တိကာနက္ခတ်) ဤသဘောပင်ပြ၏။

ထိုမီးနတ်သားသည် တန်ဆောင်မုန်းလတွင် လူ့ပြည်သို့နှစ်စဉ် တစ်ကြိမ် ဆင်းမြဲဟုဆိုသည်။ ဤသည်ကိုအကြောင်းပြု၍ မီးပူဇော်ပွဲလုပ်ကြသည်ဟုဆိုပေသည်။ ဤအယူအဆသည် ဤမျှသာခံယူပါက ဒဏ္ဍာရီသာဖြစ်ပေမည်။ ထိုဒဏ္ဍာရီတွင် လုပ်ဆောင်မှုသဘောများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ အများအပြားပင်ရှိပေသည်။

ကမ္ဘာကျော် ဟိတောပဒေသကျမ်းကြီးကို အခြေခံ၍ အသောကအင်ပါယာကြီး ဖြစ်ပေါ်ခဲ့သည့် သမိုင်းရှိခဲ့ပြီ။ ဟိတောပဒေသသည် တိရစ္ဆာန်များ စကားပြောသော ဒဏ္ဍာရီပုံပြင်များဖြစ်၏။ ဤတွင်လည်း ကြတ္တိကာနက္ခတ်မီးနတ်သားမှာ ဒဏ္ဍာရီပုံပြင်ဖြင့် (Symbol) သဘောထားများကိုပေးထားသော အကြောင်းအရာများဖြစ်သည်ကို သတိမူရာ၏။

ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ (အချက်အလက်ပါဝင်ခြင်း) ဖျောက်ဆိပ်ပေါ်၊ ဖျောက်ဆိပ်မွန်းတဲ့၊ ဖျောက်ဆိပ်မြေလူး စသည့် သင်္ကြန်တွက်ရိုးများ ဖြစ်ပေါ်လာပေ၏။ ထိုကိုအကြောင်းပြု၍ တောင်သူလယ်သမားတို့၏စိုက်ပျိုးရေးဆိုင်ရာ၊ မိုးလေဝသဆိုင်ရာများ သိကြရ၏။ ရာသီမသိ ပန်းနှင့် ညှိကြ၏။

ဖော်ပြပါ မီးနတ်မင်းသည် လူ့ပြည်ကြွလာသောအခါ သူ့မိတ်ဆွေကြီးဖြစ်သော မဲဇလီပင်စောင့်နတ်မင်းထံမှာ တည်းခိုလေ့ရှိ၏။ ထိုအခါ လူ့ပြည်မှာရှိသည့် နတ်အပေါင်းသည် မဲဇလီပင်သို့ လာရောက်၍ နှုတ်ခွန်းဆက်သလာကြ၏။

ယင်းသို့ မီးနတ်ကြီးနှင့်တန်ခိုးကြီးနတ်များဟိတ်ကြောင့် မဲဇလီပင်၏ အကိုင်းအခက် အညွန့်အဖူးတို့သည် ထူးကဲသည့်တန်ခိုးသတ္တိနှင့်ပြည့်စုံသည်ဟု ယူဆကြသည်။ ဆေးပေါင်းခသည့်အပင် ၉၆–ပါးဝေဒနာပပျောက်သည်ဟု ယူဆကြသည်။ ဤသည်မှာလည်း မဲဇလီပင်၏ဆေးအာနိသင်ကို သာရကောမုတိ၊ ဓာတွန္တရီ၊ ဩသဓ ရတနာကရ စသောဆေးကျမ်းများတွင် ပြဆို၏။ ဤသဘောကို ပုံပြင်အနေနှင့် ရှေးပညာရှင်များက ဖော်ပြခဲ့ကြ၏။ ဤသို့ ရှေးမြန်မာမှုဆိုင်ရာများကို ဒဿနအတွေးဖြင့် ဆင်ခြင်ယူဆ၍ နားလည်ရာ၏။

ထို့အတူပင် ကျီးမနိုးပွဲသည်လည်း ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ပျော်ပွဲရွှင်ပွဲမျိုးဖြစ်သည်။ ကြတ္တိကာနက္ခတ်သည် ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဆူပွက်လှုပ်ရှားလွယ်ခြင်း အကြောင်းခြင်းရာများလည်း ဆက်စပ်ပေသည်။ များသောအားဖြင့် လပြည့်နေ့များသည် “Super Moon” အကြောင်းခြင်းရာများကို ဖြစ်စေသည်။

မဟော်သဓာဇာတ်တော်တွင် လပြည့်ည အကြောင်းခြင်းရာကို စိတ်ရောဂါနှင့် ဖော်ပြသောအခန်းကဏ္ဍတစ်ခုရှိသည်။ အနောက်တိုင်း ဆေးပညာတွင်လည်း “Luna=လကို အခြေခံသော” စိတ်ရောဂါတစ်မျိုး ရှိသည်ဟု သိရသည်။ လပြည့်၊ လကွယ် ဥပုသ်စောင့်ခြင်း စသည်များသည် ထိုလနှင့်ဆက်စပ်သောစိတ်အစဉ်ကို ထိန်းချုပ်သည့်ဘာသာရေးကျင့်စဉ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုနက္ခတ်နှင့်ဆက်စပ်သောအကြောင်းအရာများကို ရှေးမြန်မာကြီးများသည် သိခဲ့ကြသည်။ ထိုသည်ကိုအကြောင်းပြု၍ စိတ်ထွက်ပေါက်အနေဖြင့် ကျီးမနိုးပွဲကို ပြုလုပ်ကြသည်ဟု ဝေဒရှုထောင့်မှ သုံးသပ်ကြသည်ကို တွေ့ဖူးသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများတွင် ကောင်းသောသဘောကိုဆောင်သော၊ ယဉ်ကျေးမှုကို အထောက်အကူပြုသော၊ အများပြည်သူကိုအကျိုးပြုသော အကြောင်းခြင်းရာ မြန်မာမှုများကို သယ်ဆောင်သွားကြပါစို့ဟု နိဂုံးချုပ်အပ်ပါသတည်း။ ။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံဆံတော်ရှင်စေတီတော်တို့၌ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

တန်ဆောင်မုန်းလပြည့် အခါသမယနေ့ထူးနေ့မြတ်တွင်သမိုင်းဝင်တန်ခိုးကြီး စေတီတော်တို့ရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရန် ရန်ကုန်မြို့ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်နှင့် သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံဆံတော်ရှင် စေတီတော်တို့၌ ယနေ့ညပိုင်းမှ စတင်၍ မသိုးရွှေကြာသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (၂၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ အခမ်းအနားကို ရတနာရွှေကြိုး ဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယှဉ်ပြိုင်ရက်လုပ်ကြမည့် ရက်ကန်းစင်တော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး မသိုးသင်္ကန်း ယှဉ်ပြိုင် ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ခုနစ်စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် လေးသိန်းတို့ အပြင် ဆုဖလားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၃၉)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါ စေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယှဉ်ပြိုင်ရက်လုပ်ကြမည့် ရက်ကန်းစင်တော်များအတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင် ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ရှစ်သိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် လေးသိန်း ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ သမိုင်းဝင်ဆုတောင်းပြည့်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် (၄၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အဆိုပါ စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ သင်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင် ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ငါးစင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆု ငွေကျပ် ၁၀သိန်း၊ ဒုတိယဆု ငွေကျပ် ကိုးသိန်း၊ တတိယဆု ငွေကျပ် ရှစ်သိန်း၊ စတုတ္ထဆု ငွေကျပ် ခုနစ်သိန်းနှင့် ပဉ္စမဆု ငွေကျပ် ခြောက်သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ စေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ကိုကိုဇော်-(MNA)**

ဓာတ်ပုံ- ရဲထွန်း

ထားဝယ်မြို့၌ (၁၁၁)ကြိမ်မြောက်တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရား စည်ကားသိုက်မြိုက်စွာဖြင့် ဒေသစာရီလှည့်လည်ပူဇော်

ထားဝယ် နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ဘုရားကြီးဂေါပကအဖွဲ့မှကြီးမှူး၍ ရုပ်ကွက်ပေါင်းစုံပါဝင်သော ထားဝယ်ဒေသ၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ (၁၁၁)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ ရွှေတောင်စားလမ်း လောကမာရ်ဇိန် ဘုရားကြီးဝင်းအရှေ့ဘက်မုခ်မှစ၍ ထားဝယ်မြို့အတွင်း စည်ကားသိုက်မြိုက်စွာဖြင့် ဒေသစာရီ လှည့်လည်ပူဇော်ခံခဲ့ကြောင်း သိရသည်။

ထိုသို့ လှည့်လည်ပူဇော်ခံရာတွင်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများက နှစ်ကျိပ်ရှစ်ဆူဘုရားဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ဖူးမြော်ကြည်ညိုကုသိုလ်ပြုကြသည်။(ယာပုံ)

ထို့နောက် ဘုရားကြီးဂေါပကအဖွဲ့မှဦးဆောင်၍ ဥပသကာများက နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မြို့တွင်းလမ်းများတွင် စည်ကားသိုက်မြိုက်စွာဖြင့် ဒေသစာရီ ကြွချီလှည့်လည် ပူဇော်ခံသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားများ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံချိန်၌ ဘုရားလှည့်လည်ရာတွင် ပါဝင်သည့် ရပ်ကွက်၊ ကျေးရွာနာမည်များကို ထားဝယ်ဘာသာဖြင့် ရေးသားဖော်ပြမှုရှိခဲ့ပြီး သရုပ်ဖော်ရုပ်လုံး ရုပ်ကြွများဖြင့် ထည့်သွင်း လှည့်လည်ခဲ့သောကြောင့် ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများ စိတ်ဝင်စားမှုရှိခဲ့ကြသည်။

ယင်းနောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားဒေသစာရီ လှည့်လည် ပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ငွေပဒေသာပင်များ ကပ်လှူပူဇော်ကြပြီး ဥပသကာများအား စေတနာရှင်၊ အလှူရှင်များက အကျွေးအမွေးများဖြင့် ဧည့်ခံကြကြောင်း သိရသည်။

တန်ဆောင်တိုင် ပွဲတော် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကြီးကို နှစ်စဉ်ကျင်းပလာခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ သုံးနှစ် ရပ်နားထားခဲ့ရပြီး ယခု ၂၀၂၃ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ကာ ထားဝယ်ရိုးရာ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲသည် ဒေသတွင်း အထင်ရှားဆုံး ပွဲတော်တစ်ခုဖြစ်၍ ထားဝယ်ဒေသခံများ နှစ်စဉ်ပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရွှေဆံတော် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

ပြည် နိုဝင်ဘာ ၂၆

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၂ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက်အထိ ၁၀ ရက်တာ ကျင်းပလျက်ရှိရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏

ဗုဒ္ဓပူဇနီယပွဲတော် ရက်များအတွင်း သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ၊ ဗုဒ္ဓမြတ်စွယ်တော်ရောင်တော်ဖွင့်ခြင်းနှင့် ဖွင့်လှစ်ပူဇော်ခြင်း၊ အနေကဇာတင်လှူခြင်းနှင့် နေ့စဉ် ပူဇော်ခံသည့် အစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိကြောင်း၊ ဗုဒ္ဓပူဇနီယပွဲတော်တွင် ဈေးဆိုင်အခန်းပေါင်း ၈၅၀ ကျော် ပါဝင် ရောင်းချလျက်ရှိသည့်ပြင် ဇာတ်သဘင်၊ စတိတ်ရှိုးနှင့် မီးပုံးပျံလွှတ်သည့် အစီအစဉ်များလည်း ပါဝင်ကြောင်း လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဦးဝင်းစိုးထံမှ သိရသည်။

“ဒီပွဲတော်မှာ ဈေးရောင်းတာ နှစ် ၅၀ ကျော်ပါပြီ။ ကျွန်တော် ကလေးဘဝ မိဘတွေ လက်ထက်ကနေ အခုကျွန်တော် အသက် ၆၅ နှစ်ကျော်အထိ နှစ်စဉ် လာရောက်ရောင်းချတာဖြစ်ပါတယ်။ ဘုရားကြီးက သပ္ပာယ်တယ်၊ တန်ခိုးကြီးတယ်။ ဒါကြောင့် ပွဲတော်ရက်မှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ လာကြတယ်။ ဘုရားဖူးပြည်သူတွေနဲ့ စည်ကားတဲ့အတွက်(ဝဲပုံ) ဈေးရောင်းရတာ အဆင်ပြေပါတယ် ” ဟု ဗုဒ္ဓပူဇနီယပွဲတော်တွင် အဝတ်အထည် လာရောက်ရောင်းချသည့် ဦးသန်းဝင်းက ပြောသည်။

တန်ဆောင်မုန်းလဆန်း ၁၃ ရက် နံနက် ၆ နာရီမှစ၍ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ မြတ်စွယ်တော်တိုက်တွင် ကိန်းဝပ်တော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်ကို စေတီတော်မြတ်ကြီး မြောက်ဘက်မုခ်ဦးမှ ကရဝိက်ဖောင်တော်ဖြင့် မြို့တွင်း ရပ်ကွက်များကို သမဂ္ဂယုဝလှေလှော်ယိမ်း၊ ခေတ္တရာရပ်ကွက်ယိမ်း၊ ရွာဘဲရပ်ကွက်ယိမ်း၊ ဆံတော်ရပ်ကွက်ယိမ်းနှင့် ဆင်စုရပ်ကွက် ဆင်အကယိမ်းများဖြင့် လှည့်လည် အပူဇော်ခံခဲ့သည်။

“လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရဲ့ မြတ်စွယ်တော်တိုက်မှာ ကိန်းဝပ်တော်မူတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကိုတော့ သုံးနှစ်တစ်ကြိမ် ပြည်မြို့တွင်းမှာ လှည့်လည်အပူဇော်ခံလေ့ရှိပါတယ်။ ကိုဗစ်ကြောင့် ၂၀၂၀ ခုနှစ်မှာ မကျင်းပဖြစ်တော့ဘဲ အခု ငါးနှစ်ကြာမှ ကျင်းပတာ ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေအနေနဲ့ နံနက် ၅ နာရီကနေ ည ၉ နာရီအထိ ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်နိုင်ပါတယ်” ဟု ဂေါပကအဖွဲ့မှ ဦးဝင်းစိုးက ပြောသည်။

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပလျက်ရှိသည့် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ သမိုင်းမှတ်တမ်းများကို https://shwesandawpagoda.com.mm တွင်လည်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

စိုးပိုင်

ဓားစာခံများကို ဒုတိယအသုတ်အဖြစ် ဟားမားစ်တို့ ပြန်လွှတ်ပေး

ဂါဇာ နိုဝင်ဘာ ၂၆

ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများကို ဒုတိယအသုတ် အဖြစ် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြန်လွှတ်ပေးခဲ့သည့် ဓားစာခံများထဲတွင် အစ္စရေး ၁၃ ဦးနှင့် ထိုင်းနိုင်ငံသား လေးဦး ပါဝင်သည်ဟု သိရသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပိုင်ဆိုင်သည့် မော်တော်ယာဉ်များ ရာဖာဖြတ်သန်းရေးဂိတ်တွင် ဖြတ်သန်းသွားသည်ကို နိုဝင်ဘာ ၂၅ ရက် ညပိုင်းက တွေ့ရှိခဲ့ရသည်။

အဆိုပါ ဖြတ်သန်းရေးဂိတ်မှာ ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နယ်စပ်ကြားတွင် ရှိသည်။ ဖမ်းဆီးခံထားရသူများကို ဒုတိယအသုတ်အဖြစ် ပြန်လွှတ်ပေးရေး ဟားမားစ်တို့ဘက်မှ နှောင့်နှေးခဲ့သည်။ ဂါဇာမြောက်ပိုင်းသို့ ထောက်ပံ့ရေးထရပ်ကားများ ဝင်ရောက်ခွင့် အစ္စရေးမှ ခွင့်ပြုပေးမှသာလျှင် ဓားစာခံများ ပြန်လည် လွှဲပြောင်းပေးမှုကို လုပ်ဆောင်မည်ဟု ကြေညာခဲ့သည်။ သို့သော်လည်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက နောက်ပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။ ဓားစာခံများ ပြန်လွှတ်ပေးရေး အတားအဆီးများကို ဖယ်ရှားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စေ့စပ်ညှိနှိုင်းမှုတွင် အီဂျစ်နိုင်ငံလည်း ပါဝင်သည်ဟု သိရသည်။ အစ္စရေးနှင့်ဟားမားစ်တို့အကြား လေးရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွင် ဓားစာခံ ၅၀ ပြန်လွှတ်ပေးရေး တောင်းဆိုခဲ့သည်။ နိုဝင်ဘာ ၂၄ ရက်က ပထမအသုတ်အဖြစ် ဓားစာခံ ၂၄ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ၎င်းတို့ထဲတွင် အစ္စရေးနိုင်ငံသား ၁၃ ဦး ပါဝင်သည်။ အစ္စရေးဘက်မှလည်း ပါလက်စတိုင်း အမျိုးသမီးနှင့်ကလေး ၃၉ဦးကို အပြန်အလှန်အနေဖြင့် အကျဉ်းထောင်မှပြန်လွှတ်ပေးခဲ့သည်။

ယခုတစ်ကြိမ် ပြန်လွှတ်ပေးမှုတွင် အစ္စရေးထောင်များမှ ပါလက်စတိုင်း ကလေး ၃၃ ဦးနှင့် အမျိုးသမီး ခြောက်ဦး ပြန်လွှတ်လာသည်ဟု ကာတာနိုင်ငံမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **အင်န်အိတ်ချ်ကေ**

ကမ္ဘောဒီးယားနိုင်ငံ၌ သုံးနှစ်ကြာရပ်နားထားခဲ့ရသည့် လှေပြိုင်ပွဲ ပြန်လည်ကျင်းပ

ဖနောင်ပင် နိုဝင်ဘာ ၂၆

ကမ္ဘောဒီးယားနိုင်ငံ၏ ခမ်းနားကြီးကျယ်ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ရေသဘင်ပွဲတော်ကို ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် သုံးနှစ်ကြာ ရပ်နားထားပြီးနောက် နိုဝင်ဘာ ၂၆ ရက်တွင် ပြန်လည်ကျင်းပသည်။

လှေပြိုင်ပွဲသည် သုံးရက်ကြာပွဲတော်၏ အဓိကပြိုင်ပွဲတစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းရှိ သောင်းနှင့်ချီသော လှေလှော်သူများနှင့် ပရိသတ်များက လှေပြိုင်ပွဲကျင်းပရာ မြို့တော် ဖနောင်ပင်မြစ်ကမ်းဆီသို့ လာရောက်လည်ပတ်ကြသည်။

လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၀၄၁၇ ဦးခန့်က လှေ ၃၃၇ စင်းဖြင့် ယခုနှစ်တွင် ပါဝင်ဆင်နွှဲကြကြောင်း ပြိုင်ပွဲစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဘူချမ်ဆီရေးက ပြောသည်။

လှေပြိုင်ပွဲသည် ၁၁ ရာစုနှောင်းပိုင်း ရှေးခမာအင်ပါယာအတွင်း အင်အားကြီးမားခဲ့သော ခမာ ရေကြောင်းတပ်ဖွဲ့များ၏ အင်အားကို ဂုဏ်ပြုကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါပွဲတော်သည် နှစ်စဉ်မိုးရာသီကုန်ဆုံးချိန် မဲခေါင်မြစ်နှင့် တုန်လီဆပ်ရေကန်ကို ဆက်သွယ်ပေးထားပြီး ပြောင်းပြန်စီးဆင်းနေသော တုန်လီဆပ်မြစ်၏ ထူးခြားသည့် အထိမ်းအမှတ်အနေဖြင့်လည်း ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

ဆင်ဟွာ

နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့် ဆီယာယာလီယွန်အစိုးရထုတ်ပြန်

ဖရီးတောင်း နိုဝင်ဘာ ၂၆

ဆီယာယာလီယွန်အစိုးရသည် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက စစ်တန်းလျားတစ်ခုတွင် လုံခြုံရေးမတော်တဆမှုဖြစ်ပွားပြီးနောက် နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၆ ရက် အစောပိုင်းတွင် ဝီလ်ဘာဖို့စ် စစ်တန်းလျားရှိ လက်နက်တိုက်သို့ အမည်မသိလူပုဂ္ဂိုလ်အချို့က ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက သံသယရှိသူများအား ဖမ်းဆီးနိုင်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများအား အိမ်အပြင်မထွက်ရန် ပြင်းပြင်းထန်ထန်သတိပေးထားသည်။

ဆင်ဟွာ

ဂရိကမ်းလွန်တွင် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွား

အေသင် နိုဝင်ဘာ ၂၆

ဂရိနိုင်ငံ လက်စ်ဘော့စ်ကျွန်းကမ်းလွန်၌ ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွားကြောင်း အမျိုးသားသတင်းအေဂျင်စီ AMNA က နိုဝင်ဘာ ၂၆ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

လက်ရှိအချိန်အထိ အေဂျီယန်းပင်လယ်မှ သင်္ဘောသားအမှုထမ်း ၁၄ ဦးအနက်မှ တစ်ဦးကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း၊ အခြား ၁၃ ဦး၏ တည်နေရာများကို မတွေ့ရှိသေးကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

ဆားတန်ချိန်များစွာ တင်ဆောင်လာသော အဆိုပါ ကုန်တင်သင်္ဘောမှာ အီဂျစ်နိုင်ငံမှ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်သို့ ဦးတည်ခုတ်မောင်းလာစဉ် ထိုကဲ့သို့ မတော်တဆမှုဖြစ်ပွားရခြင်း ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

အိန္ဒိယတွင် ဂီတဖျော်ဖြေပွဲတစ်ခု၌ လူအုပ်စုပြုံတိုးဝှေ့မှုကြောင့် လေးဦးထက်မနည်း သေဆုံး၊ အများအပြား ဒဏ်ရာရ

နယူးဒေလီ နိုဝင်ဘာ ၂၆

အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်ရှိ တက္ကသိုလ်တစ်ခု၌ တေးဂီတဖျော်ဖြေပွဲတစ်ခုအတွင်း နိုဝင်ဘာ ၂၅ ရက်က လူအုပ်လိုက်စုပြုံတိုးဝှေ့မှုကြောင့် ကျောင်းသူ ကျောင်းသား လေးဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိမှုဖြစ်ပွားကြောင်း တာဝန်ရှိသူများက ပြောသည်။

ကီရာလာပြည်နယ်၏ မြို့တော် သီရူဗန်နာသာပူရမ် မြောက်ဘက် ၂၂၃ ကီလိုမီတာခန့်အကွာ အာနာကူလာခရိုင် ကိုချင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် (CUSAT) ၌ ထိုကဲ့သို့ လူအုပ်လိုက်စုပြုံတိုးဝှေ့မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ အာနာကူလာခရိုင် ကိုချင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်၌ အဆိုပါ ဖြစ်ရပ်အတွင်း လေးဦးသေဆုံးကြောင်း တွေ့ရှိပြီး အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီး ဗီးနာဂျော့က ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသည့် ကျောင်းသူ ကျောင်းသားများကို ဆေးရုံအသီးသီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။ တေးဂီတဖျော်ဖြေပွဲမှာ တက္ကသိုလ်နယ်မြေအတွင်းရှိ လဟာပြင်ခန်းမတစ်ခု၌ အဆိုတော် နီခီတာဂန်ဒီ ဖျော်ဖြေတင်ဆက်သော နည်းပညာပွဲတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

သီရိလင်္ကာရဲတပ်ဖွဲ့က လူငယ်များအကြမ်းဖက်အဖွဲ့ကို အရုဏ်မတက်မီ ဝင်ရောက်စီးနင်းဖမ်းဆီး

ကိုလံဘို နိုဝင်ဘာ ၂၆

သီရိလင်္ကာရဲတပ်ဖွဲ့၊ အထူးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများသည် ကိုလံဘိုမြို့ ဆင်ခြေဖုံးတွင် နိုဝင်ဘာ ၂၆ ရက် အရုဏ်မတက်မီ စီးနင်းမှုတစ်ခုပြုလုပ်ခဲ့ပြီး လူ ၄၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အုပ်စုဖွဲ့ အကြမ်းဖက်မှုများဖြင့် လူသိများသော ဆင်ဟာပူရနှင့် ဝဲလ်လမ်ပီတီရာ ရပ်ကွက်များအတွင်း စီးနင်းဖမ်းဆီးမှုအတွင်း မူးယစ်ဆေးဝါးနှင့် လက်နက်များ လက်ဝယ်တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းမီဒီယာပြောရေးဆိုခွင့်ရှိသူ နီဟာလသယ်ဒူဝါက ပြောကြားသည်။စီးနင်းမှုတွင် ရဲနှင့် အထူးတပ်ဖွဲ့ဝင်အမှုထမ်း စုစုပေါင်း ၁၃၈ ဦးနှင့် တပ်မတော်သား ၂၀၀ ခန့် ပါဝင်ခဲ့ပြီး အိမ် ၆၁ လုံးနှင့် လူ ၁၉၆ ဦးကို ရှာဖွေခဲ့ပြီး အနောက်ပိုင်းခရိုင်ရှိအကြီးတန်းရဲအရာရှိများ၏ ညွှန်ကြားချက်အတိုင်း စီးနင်းရှာဖွေခဲ့ခြင်းဖြစ်ကြောင်း သယ်ဒူဝါက ပြောကြားသည်။ **ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဈေးဝယ်စင်တာမီးလောင်၊ ၁၁ ဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရ

ကရာချိ နိုဝင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းမြို့ဖြစ်သည့်ကရာချိမြို့ရှိ ဈေးဝယ်စင်တာတစ်ခု နိုဝင်ဘာ ၂၅ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ ၁၁ ဦး သေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဆေးရုံသုံးရုံ၌ ကုသမှုခံယူနေသည့် လူနာအချို့မှာ မီးလောင်ဒဏ်ရာပြင်းထန်သည့် အတွက် နောက်ထပ် သေဆုံးသူဦးရေ တိုးလာနိုင်သေးကြောင်း ကရာချိ အရှေ့ပိုင်းခရိုင် လက်ထောက်ကော်မရှင်နာ အာတစ်ဖ်ရှိတ်ခ်က ပြောသည်။ ယခုအခါမီးလောင်မှုကို ငြိမ်းသတ်နိုင်ပြီဖြစ်ပြီး ဈေးဝယ်စင်တာအတွင်း အအေးခံသည့် လုပ်ဆောင်မှုများ ပြုလုပ်နေကြောင်း၊ အဆောက်အအုံတည်ဆောက်ပုံကို အကဲဖြတ်နေပြီး မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းမှုများ လုပ်ဆောင်နေကြောင်း ၎င်းက ပြောသည်။ ဈေးဝယ်စင်တာ၏ ခေါင်မိုးထပ်ရှိ မီးစက်ချွတ်ယွင်းမှုကြောင့် မီးစတင်လောင်ခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။

ယခုလ အစောပိုင်းကလည်း ကရာချိမြို့ရှိ လူနေအဆောက်အအုံများ၊ စီးပွားရေးအဆောက်အအုံများနှင့် စက်မှုလုပ်ငန်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လုံလောက်သည့် လုပ်ဆောင်မှုမျိုးမရှိကြောင်း အစီရင်ခံထားသည်။ **ဆင်ဟွာ**

မီးငြိမ်းသတ်ရန်ရောက်ရှိလာသည့်မီးသတ်ကားများကို တွေ့ရစဉ်။

NUG ၊ PDF အကြမ်းဖက်သောင်းကျန်းသူများနှင့် အချို့သော EAO အဖွဲ့များမှ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား တိုက်ခိုက်လျက်ရှိသည့်အခြေအနေများ၊ ၂၆-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ လူနေမှုဘဝ မြင့်မားစေဖို့နဲ့ လူမှုစီးပွားဘဝလုံခြုံတိုးတက်စေဖို့အတွက် အဓိကက လျှပ်စစ်စွမ်းအားကဏ္ဍဟာ အရေးကြီးပါတယ်။ NUG, PDF အကြမ်းဖက်သောင်းကျန်းသူများနဲ့ အချို့သော EAOs အဖွဲ့များဟာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ အဓိကထား တိုက်ခိုက်နေတာကို တွေ့ရပါတယ်။ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအပြင် လျှပ်စစ်ကဏ္ဍကိုလည်း ဖျက်လိုဖျက်ဆီးလုပ်နေတာကို တွေ့ရပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ကနေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ လျှပ်စစ်ဓာတ်အားပေးလိုင်းများ၊ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲတာတွေ၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံတွေကို အဝေးကနေ ပစ်ခတ်တာတွေ၊ Drop Bomb ချပြီး တိုက်ခိုက်တာတွေ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လျှပ်စစ်ဓာတ်အားပေး တာဝါတိုင် ၈၁ ခု ပျက်စီးခဲ့ကြောင်း တွေ့ရပါတယ်။ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာ အဓိကဖြစ်ပါတယ်။ အဓိကအားဖြင့် ကယားပြည်နယ်အတွင်းမှာ ဖြစ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်စွမ်းအားကဏ္ဍသည် တစ်နိုင်ငံလုံး လိုအပ်တဲ့အတိုင်းအတာအထိပေးနိုင်တဲ့လုံလောက်မှုမရှိသေးပါဘူး။ မလုံလောက်တဲ့ကြားကနေ နိုင်ငံတော်အစိုးရအနေနဲ့ အစိုးရအဆက်ဆက်အနေနဲ့ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုနည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတဲ့ကြားက ဒီအဖျက်လုပ်ငန်းများကြောင့် လျှပ်စစ်ဓာတ်အားပေးလိုင်းများ ပျက်စီးရခြင်း၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံများ ပျက်စီးရခြင်းကြောင့် နိုင်ငံရဲ့ လူမှုစီးပွားဘဝသည် တိုးတက်သင့်သလောက် မတိုးတက်ဘဲနဲ့ နှောင့်နှေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီအရေးဆိုတာကို ဗန်းပြပြီး တစ်နိုင်ငံလုံး အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကို ပြည်သူလူထုတစ်ရပ်လုံးက သိရှိပြီး ဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီနေ့ ထိတွေ့တိုက်ပွဲများအခြေအနေကတော့ ရှမ်းပြည်နယ်(အရှေ့မြောက်)ဘက်မှာတော့ မူဆယ် (၁၀၅)မိုင်နားမှာ ထိတွေ့မှုများ ဖြစ်ပွားခဲ့တာရှိပါတယ်။ လောက်ကိုင်မြို့ကို ရှော့တိုက်ဒုံးနဲ့ မြို့ထဲကို ၄ လုံး လာပစ်ခဲ့ပါတယ်။ ကုန်းကြမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာ ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ AA အနေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်က ပြည်သူလူထုကို စာထုတ်ပြီးတော့ မြို့ကနေ အမြန်ဆုံးထွက်ဖို့ဆိုပြီး ခြိမ်းခြောက်လာတာ တွေ့ရပါတယ်။ ယခင်တုန်းကလည်း အလားတူပါပဲ။ ပေါက်တောမှာ ခြိမ်းခြောက်ပြီးတော့ မြို့နေလူထုကို အပြင်ထွက်ခိုင်းတာ၊ မြို့ထဲမှာ မနေခိုင်းတာမျိုး လုပ်ခဲ့ပါတယ်။ ပြီးရင် ဝါဒဖြန့်ချိမှုအနေနဲ့ ကယ်ထုတ်တယ်ဆိုတဲ့ဟာမျိုး အကြောင်းပြခဲ့တာဖြစ်ပါတယ်။ အခုလည်း ပုဏ္ဏားကျွန်းမှာ ဆက်လုပ်နေကြောင်း တွေ့ရပါတယ်။ အေးချမ်းစွာနေထိုင်လိုတဲ့ ရခိုင်ပြည်သူလူထုအနေနဲ့ AA နဲ့ ပတ်သက်လာပြီး၊ ဒီလို နှင်ထုတ်တာတွေနဲ့ ပတ်သက်လာပြီး ဆန့်ကျင်နေကြကြောင်း တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ထီးလင်းမှာ ထိတွေ့တိုက်ပွဲ ရှိခဲ့ပါတယ်။ KIA, PDF အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ အဲဒီထိတွေ့တိုက်ပွဲမှာ အကျအရှုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံး ပြန်လည်ပြီး အမြန်ဆုံးအေးချမ်းလာဖို့၊ တည်ငြိမ်လာဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပင်းပက်သံမဏိစက်ရုံတွင် လက်နက်ခဲယမ်းများ ထုတ်လုပ်နေသည့်အပြင် နျူကလီးယားကိစ္စပါ ကြိုးပမ်းနေကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စုရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)ပင်းပက် သံမဏိစက်ရုံစီမံကိန်းတွင် လက်နက်ခဲယမ်းများ ထုတ်လုပ်ရန်၊ ယူရေနီယမ်ကိစ္စနှင့်လည်း ပတ်သက်ဆက်နွှယ်နေပြီး လက်ရှိတွင် နမ့်တဘက်ချောင်းတစ်လျှောက် နေထိုင်သည့်ဒေသခံထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် လယ်ယာမြေများကို ဖျက်ဆီးရန် ခြိမ်းခြောက်လာနေကြောင်း၊ စီမံကိန်းကြောင့် သက်လတ်ပိုင်း လူနာအများစုသည် အဆုတ်ကင်ဆာရောဂါခံစားနေကြရကြောင်း ပအိုဝ်းလူငယ်အစည်းအရုံး- PYO ထံက သိရသည်ဟု မဟုတ်မမှန်သတင်းများ တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လက်နက်ခဲယမ်းများ ထုတ်လုပ်နေသည် ဆိုသည့် ရေးသားချက်မှာ မှားယွင်းနေပြီး တပ်တွင်းသတင်းရင်းမြစ်ထံက ဆိုသည့် "နျူကလီးယားကိစ္စပါ ကြိုးပမ်းလာနေကြောင်းသိရသည်" ဟူသော ရေးသားချက်မှာ လုံးဝမှားယွင်းနေကြောင်း၊ စက်ရုံမှ အသုံးပြုမည့် ပင်းပက်သံသတ္တုသံရိုင်း (iron ore)တွင် ဟီမင်တိုက်နှင့် လီမွန်နိုက်ဟူသော သံရိုင်းအမျိုးအစား နှစ်မျိုးသာ အဓိကပါဝင်ပြီး ကျန်သတ္တုများတွင် ဆီလီကာနှင့် အလူမီနာ သတ္တုရိုင်းများ ရာခိုင်နှုန်းအနည်းငယ် ရောနှောပါဝင်လျက်ရှိကြောင်း၊ အထူးသဖြင့် နျူကလီးယား ထုတ်လုပ်ရန်လိုအပ်သော ယူရေနီယမ်နှင့် ပလူတိုနီယမ်သတ္တုတို့ကို ရှာဖွေမတွေ့ရှိကြောင်း၊ ထို့အတွက် "နျူကလီးယားကိစ္စပါ ကြိုးပမ်းလာနေသည်" ဟူသော ရေးသားချက်မှာ လုံးဝမှားယွင်းနေပါကြောင်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ကို တစ်နှစ်လျှင် သံစိမ်းတန်ချိန် ၂၀၀,၀၀၀ (နှစ်သိန်း) ထုတ်လုပ်ပြီး နိုင်ငံတော်၏သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ နိုင်ငံအတွက် အဓိကလိုအပ်သည့် သံနှင့်သံမဏိထုတ်ကုန်များ ထုတ်လုပ်ပေးရန်၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ပြီး နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် သံ၊ သံမဏိ ထုတ်လုပ်မှုနည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များအသုံးပြုပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန်တို့အတွက်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ စက်မှုကုန်ကြမ်းပစ္စည်း လိုအပ်ချက်များကို ပြည်တွင်းတွင် ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်ရေး ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ဖျက်မီဒီယာများက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ပျက်စီးစေရန်နှင့် တိုင်းရင်းသားပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များတွင် တစ်ဖက်သတ်စွပ်စွဲ ရေးသားချက်များသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တန့်ယန်းမြို့နယ်တွင် ယာယီတိုက်ပွဲရှောင်များအား နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေး

တန့်ယန်း နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်သို့ ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင်များအား နေရပ်ပြန်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဦးဆောင်၍ နေရပ်ပြန်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တန့်ယန်းမြို့နယ်သို့ ရောက်ရှိလာသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တန့်ယန်း-ပန်ဆန်း မော်တော်ကားလမ်း မြို့ဝင်မုခ်ဦး၌ နွေးထွေးစွာကြိုဆို၍ "ဝ" စာပေနှင့် ယဉ်ကျေးမှုခန်းမ ယာယီစခန်း၌ စနစ်တကျ နေရာချထားပေးပြီး နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

"မနက်ဖြန် မနက်လည်း ထပ်ရောက်ဦးမယ် ကြားတယ်။ လူတော့ တော်တော်များတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နေရပ်ပြန်ဖို့ စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဒီမှာနေရတာ အဆင်ပြေပေမယ့် နေရပ်ကိုတော့ အမြန်ပြန်ချင်ပါတယ်" ဟု ယာယီစခန်းနေ အောင်လံမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် ဌာနဆိုင်ရာများက ယာယီစခန်းများတွင် စနစ်တကျနေရာချထားပေးပြီး စားရေးသောက်ရေး၊ နေရေးထိုင်ရေးများကို စီစဉ်ဆောင်ရွက်ပေးကာ နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်ကလည်း တန့်ယန်းမြို့သို့ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင်များအား တစ်ညတာ အိပ်စက်နိုင်ရန် တန့်ယန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်း၍ တတ်နိုင်သလောက် အာဟာရဒါနပြုကြကြောင်း သိရသည်။ (ဝဲပုံ)

သစ်တော်
ဓာတ်ပုံ - တန့်ယန်းမြို့နယ်
အရန်မီးသတ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။





လက်ဝယ်အရောက်လိုက်လံပို့ဆောင်

ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

ဆုတောင်းမေတ္တာစာလွှာများပါရှိ

စေတနာရှင်ပြည်သူများလှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင် ၈၁ ခု ပျက်စီးဆုံးရှုံးခဲ့ရ

နေပြည်တော် နိုဝင်ဘာ ၂၆

လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တယ်လီဖုန်း တာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများကို လုယက်ခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်အထိ လျှပ်စစ်ဓာတ်အားပေး တာဝါတိုင် ၈၁ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယင်းသို့အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်များကို ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခြင်းများသည် မိုက်မဲသောလုပ်ရပ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်မီးနေ့စဉ်အသုံးပြုလျက်ရှိသည့် ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များ အနေဖြင့် လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်များကို ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်သမားများ ဖျက်ဆီးမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း (၂) – တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင် အမှတ်(၁၁၅)။

အကြမ်းဖက်သမားများ ဖျက်ဆီးမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် ၂၃၀ ကေဗွီ သာယာကုန်း– ကမာနတ်၊ သာယာကုန်း – ဘိုင်းဒါး နှစ်ထပ် ဓာတ်အားလိုင်း။

အကြမ်းဖက်သမားများ ဖျက်ဆီးမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် ၂၃၀ ကေဗွီ တောင်ငူ – သာယာကုန်း ဓာတ်အားလိုင်းတာဝါတိုင် အမှတ်(၂၂၄)။

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းအချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှ စပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှစပြီး မတ်လ (၃၁) ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ နံနက် (၈:၀၀)နာရီမှ (၁၀:၀၀) နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ နံနက် (၁၀:၀၀) နာရီမှ နံနက် (၁၂:၀၀) နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၄:၀၀) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ မွန်းလွဲ (၁၄:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ (၁၆:၀၀) နာရီမှ ညနေ (၁၇:၀၀) နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ညနေ (၁၇:၀၀) နာရီမှ ညနေ (၁၈:၀၀) နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ညနေ (၁၈:၀၀) နာရီမှ ည (၁၉:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ ည (၁၉:၀၀) နာရီမှ (၂၀:၀၀) နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ည (၂၀:၀၀) နာရီမှ (၂၁:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ မွန်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel ([illegible])	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၆၄	၂၁၃၉
95 Ron	၂၁၈၆	၂၂၆၃
HSD (500 ppm)	၂၀၉၀	၂၁၆၁
HSD (50 ppm)	၂၁၈၀	၂၂၅၃
HSD (10 ppm)	၂၁၈၃	၂၂၅၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

(ယမန်နေ့မှအဆက်)

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးက တစ်ပါတီစနစ်နှင့် ပါတီစုံစနစ် အနက် မည်သည့်စနစ်ကို လိုလားကြောင်း ပြည်သူ့ဆန္ဒခံယူပွဲ မကျင်းပတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကို သုံးလအတွင်း ကျင်းပပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဦးဘဘော၊ အငြိမ်းစားဘဏ္ဍာတော်မင်းကြီး အပါအဝင် အဖွဲ့ဝင် လေးဦးဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နောက်ဆုံးမှတ်ပုံတင်ခွင့် ပြုထားသောနေ့ရက်အဖြစ် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်းမှာ ၂၃၅ ဖွဲ့ဖြစ်ပါသည်။ ကော်မရှင်၏စိစစ်ချက်အရ တောတွင်းကွန်မြူနစ်များမှ ထူထောင်သည့်ပါတီများ NCGUB နှင့် ယှဉ်ပြိုင်အစိုးရအဖွဲ့များ၊ ပြည်ပြေးများ၊ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများနှင့် မိမိသဘောအလျောက် ပယ်ဖျက်ခဲ့ရသည့်ပါတီများ စုစုပေါင်း ၁၄၂ ပါတီ ဖျက်သိမ်းခဲ့ရသဖြင့် ၉၃ ပါတီသာ ကျန်ရှိခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်း ၉၃ ဖွဲ့မှ ကိုယ်စားလှယ်လောင်း ၂၂၀၉ ဦးနှင့် တစ်သီးပုဂ္ဂလ ၈၇ ဦးတို့ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၂၂၉၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၇ ပါတီမှ ၄၇၉ ဦးနှင့် တစ်သီးပုဂ္ဂလခြောက်ဦး စုစုပေါင်း ၄၈၅ ဦးတို့ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

နိုင်ငံတော်တွင် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် NLD ပါတီ ကိုယ်စားလှယ်အမတ်များ အမျိုးသားညီလာခံမှ ထွက်ခွာခဲ့ကြသည့်အတွက် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်သည် လည်း ပျက်ပြယ်သွားခဲ့ရသည်။ အမျိုးသား ညီလာခံက ချမှတ်ပေးခဲ့သည့်အခြေခံမူများ၊ အသေးစိတ် အခြေခံမူများနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကြေညာချက်အမှတ် (၃/၂၀၀၈) ဖြင့် ဥက္ကဋ္ဌ ဦးအောင်တိုး အပါအဝင်အဖွဲ့ဝင် ၄၅ ဦး ပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို သက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်) နေ့တွင် ကျင်းပပြုလုပ်ပြီး အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုး အပါအဝင် အဖွဲ့ဝင် ၁၇ ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၂၅ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၆၆၁ ဦး စုစုပေါင်း ၁၁၅၄ ဦး ရွေးချယ်တင်မြှောက်ခဲ့သည်။ လွှတ်တော်အသီးသီး အနက် နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလ ၈၂ ဦး စုစုပေါင်း ၃၀၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံရေးပါတီ ၂၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ခြောက်ဦးတို့ အရွေးခံရပါသည်။ လွှတ်တော်သုံးရပ်ပေါင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၈၈၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၆၄ ဦး၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီမှ ၅၇ ဦး၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီမှ ၁၆ ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ၃၅ ဦးနှင့် ကျန် ၁၇ ပါတီမှ ၉၄ ဦး ရွေးချယ်ခံရပါသည်။ ပထမအကြိမ်လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ခဲ့ရာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) တွင် ပါတီဝင်အဖြစ်စည်းရုံးရာ၌ **“ထောင်ဒဏ်ကျခံနေသူမဟုတ်ခြင်း”** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ခဲ့၍ ထောင်ဒဏ်ကျခံနေသူများကိုလည်း ပါတီဝင်အဖြစ် စည်းရုံးနိုင်သဖြင့် ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ရာ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ စုစုပေါင်း သုံးပါတီတို့ အရွေးခံရပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီအမတ်များ လွှတ်တော်အတွင်းသို့ ရောက်ရှိခဲ့ကြသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီ ကိုယ်စားပြု ၅၇၈၂ ဦးနှင့် တစ်သီးပုဂ္ဂလ ၃၁၀ ဦးအနက် နိုင်ငံရေးပါတီ ၂၂ ပါတီ ကိုယ်စားပြု ၁၁၄၅ ဦးနှင့် တစ်သီးပုဂ္ဂလ ငါးဦး အရွေးခံရသည်။ လွှတ်တော် သုံးရပ်ပေါင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၁၁၇ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၈၈၆ ဦး၊ ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီသည် ၄၀၊ ရခိုင်အမျိုးသားပါတီသည် ၄၅ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် တစ်ဦးနှင့် ကျန် ၁၇ ပါတီသည် ၅၆ ဦး ရွေးချယ်ခံရပါသည်။ NLD ပါတီ ဦးဆောင်၍ အစိုးရဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရသမ္မတ မဖြစ်နိုင်သဖြင့် နိုင်ငံတော်အတိုင်ပင်ခံဥပဒေပြဋ္ဌာန်းပြီး အစိုးရအဖွဲ့ကို သူက ဦးဆောင်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အပါအဝင် အဖွဲ့ဝင် ၁၃ ဦးကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ **၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ ကြားဖြတ် ရွေးကောက်ပွဲ**များ ကျင်းပပြုလုပ်ခဲ့ပြီး **၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ**ကို နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၌ ကျင်းပဆောင်ရွက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၌ ကျင်းပခဲ့ပါသည်။ နိုင်ငံရေးပါတီ ၉၁ ပါတီလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၅၃၇၉ ဦးနှင့် တစ်သီးပုဂ္ဂလ ၂၆၀ စုစုပေါင်း ၅၆၃၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများ ဖြစ်ပွားခဲ့ရသည့်အတွက် ရွေးကောက်ပွဲရလဒ်များ ပျက်ပြယ်ခဲ့ရသည်။ မဲမသမာမှုဖြစ်စဉ်များကို လေ့လာကြည့်ရာ အဓိကအချက် (၃) ချက်ကို တွေ့ရှိရသည်။ ပထမအချက်မှာ မဲစာရင်းများ ဖောင်းပွခြင်း၊ ဥပဒေနှင့်မညီသူများ မဲစာရင်းတွင်ပါဝင်နေခြင်း၊ ဒုတိယအချက်မှာ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်း၊ တတိယအချက်မှာ မဲစာရင်းအပိုများ၊ မဲလက်မှတ်အပိုများဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုများကို ပြုလုပ်ခြင်း၊ ရပ်ကွက်ကျေးရွာများတွင် ဥပဒေနှင့်မညီညွတ်သော ကြိုတင်မဲများ ကောက်ခံခြင်းတို့ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်အားလုံးတွင် မဲမသမာမှုများ တစ်ပုံစံတည်းဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ သာမန် မဲစာရင်းမှားယွင်းမှုမျိုးမဟုတ်ဘဲ နိုင်ငံတကာ အဖွဲ့အစည်းအချို့၏ ပါဝင်ဆောင်ရွက်မှုဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ မဲစာရင်းများတွင် ဥပဒေနှင့်မညီညွတ်သောသူများ ၁၁ ဒသမ ၃ သန်းအထိ ပါဝင်ခဲ့သည်။ ယင်းတွင် နိုင်ငံသားစိစစ်ရေး လက်မှတ် (မှတ်ပုံတင်) မရှိသူ ၄ ဒသမ ၈၆ သန်း ပါဝင်ခဲ့ခြင်းသည် မဲဆန္ဒရှင်များအတွက် များစွာနစ်နာဆုံးရှုံးမှုဖြစ်သည်။ မဲစာရင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်၊ ငါးကြိမ်အထိ ပါဝင်နေသူများ၊ ၁၈ နှစ် မပြည့်သူများနှင့် သေဆုံးသူများ ၆ ဒသမ ၄၄ သန်းဖြစ်သည်။ မဲပေးရန်အတွက် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေမှုမှာ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၄၃ သန်းဖြစ်သည်။ မဲလက်မှတ်ရိုက်နှိပ်မှုများကို ထုတ်ပြန်ကြေညာပေးရန် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖွဲ့၊ သတင်းမီဒီယာများနှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့ကြသော်လည်း ငြင်းပယ်ခဲ့သည်။ ဆန္ဒမဲပေးခဲ့သည့်မဲလက်မှတ်များမှာ ၂၆ ဒသမ ၆၅ သန်းဖြစ်သဖြင့် ၁၆ ဒသမ ၃၅ သန်းခန့် အပိုတွေ့ရှိရသည်။ မဲလက်မှတ်မြောက်မြားစွာ အပိုရိုက်နှိပ်ပြီး မဲစာရင်းတွင် ပို၍ပါဝင်နေသူများနှင့် ဥပဒေမဲ့မဲပေးမှုများကို ရပ်ကွက်၊ ကျေးရွာများအတွင်း ကြိုတင်မဲများဖြင့် မဲပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဲစာရင်းများကို စစ်ဆေးသည့်အခါတွင် မဲရုံများ၌ မဲလက်မှတ်များ ပိုနေသည်ကို တွေ့ရှိခဲ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲလက်မှတ်အပို ၄ ဒသမ ၃ သိန်းထိရှိခဲ့သည်။ မဲပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်အစား စလစ်စာရွက်(Voter Slip) ဖြင့် မဲပေးခွင့်ပြုရန် ဥပဒေနှင့်မညီညွတ်သော ညွှန်ကြားဆောင်ရွက်မှုများဖြင့် မဲမသမာမှုများ ဖြစ်ပွားခဲ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် တိုင်း/ ခရိုင်/ မြို့နယ်/ ရပ်ကွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းရာတွင် အာဏာရပါတီ၏ ဝန်ကြီးချုပ်များက အဆိုပြုသော သူများနှင့်ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲကို ကျင်းပဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့များနှင့် NLD ပါတီ အောင်နိုင်ရေးအဖွဲ့များသည် ရပ်ကွက်၊ ကျေးရွာများတွင် ကြိုတင်မဲများကို လိုက်လံကောက်ခံခဲ့ကြသည်။ ရွေးကောက်ပွဲအကြိုကာလ မဲဆွယ်စည်းရုံးရာတွင်လည်း ကိုဗစ်ကာလစည်းကမ်းသတ်မှတ်ချက်များ ချိုးဖောက်၍ လူအုပ်စုဖြင့် ကမ်ပိန်း (Campaign) များပြုလုပ်ကာ ဆောင်ရွက်ခဲ့ကြသည်။ ဆိုရှယ်မီဒီယာ ဖြစ်သည့် Facebook တွင် အခြားပါတီများ၏ ဆောင်ရွက်မှုများကို ကန့်သတ်ရန်အတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ကျပ် ၆၄၂၆ သန်း သုံးစွဲခဲ့သည်။

စာမျက်နှာ ၁၇ သို့

❖ **နိုင်ငံတော်တွင် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် NLD ပါတီ ကိုယ်စားလှယ်အမတ်များ အမျိုးသားညီလာခံမှ ထွက်ခွာခဲ့ကြသည့်အတွက် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရသည်။ အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့်အခြေခံမူများ၊ အသေးစိတ် အခြေခံမူများနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်**

ပြည်မြို့ ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲ အောင်ပွဲအထိမ်းအမှတ် မီးပုံးပျံပွဲတော်ကျင်းပ

ပြည် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး လေးဆူခတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်း လှည့်လည်အပူဇော်ခံပွဲ ကျင်းပမှု အောင်ပွဲအထိမ်းအမှတ် မီးပုံးပျံပွဲတော်ကို မြို့နယ်အားကစားကွင်း အတွင်း၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည်။

မီးပုံးပျံပွဲတော်တွင် ယိမ်းအကအလှနှင့် ရိုးရာရှမ်းအိုးစည်အဖွဲ့တို့၏ ကပြဖျော်ဖြေမှုများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြကာ ဖျော်ဖြေရေးအဖွဲ့များကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး ပွဲတော်လာရောက်ဆင်နွှဲသူများ၏ ပူးပေါင်းပါဝင်၍ မီးပုံးပျံများ လွှတ်တင်နေမှုကို ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် အောင်ပွဲအထိမ်းအမှတ် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၂၇ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုဆက်
(ပြန်/ဆက်)

ညောင်ဦးမြို့နယ်အတွင်း အခမဲ့ မျက်စိခွဲစိတ်ကုသနှင့် ပါဝါမျက်မှန် ၃၀၀ ကျော် ထောက်ပံ့

ညောင်ဦး နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံတောင်တက်အသင်းအဖွဲ့ချုပ်က ညောင်ဦးမြို့နယ်အတွင်း နိုဝင်ဘာ ၂၅ ရက်က မျက်စိအမြင်အာရုံ ချို့တဲ့သူများကို မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် ပါဝါမျက်မှန် အခုရေ ၃၀၀ ကျော် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်တက်အသင်းအဖွဲ့ချုပ် ဦးဆောင်သော စေတနာအလှူရှင်များအဖွဲ့က ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ကျေးရွာများမှ မျက်စိဝေဒနာရှင် ဒေသခံပြည်သူ ၁၈ ဦးအား ပုဂံမြို့ ရတနာဘုံစံတောရမဇ္ဈိမရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးစီး ဖွင့်လှစ်ထားသည့် ရတနာပန်းတော် ကုသိုလ်ပြုဆေးခန်းတွင် အခမဲ့ ခွဲစိတ်ကုသပေးခြင်း၊ ခွဲစိတ်ရန်မလိုသေးသော ဒေသခံပြည်သူများအတွက် ပါဝါမျက်မှန် အခုရေ ၃၀၀ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ပုဂံမြို့ ရတနာဘုံစံတောရမဇ္ဈိမရိပ်သာကျောင်းတိုက် နာယကဆရာတော်ထံမှ သိရသည်။

ရဲဝင်းနိုင်
(ညောင်ဦး)

စာမျက်နှာ ၁၆ မှ

မော်တော်ကားအစီးရေ ၂၂၀၊ ဆိုင်ကယ် ၃၂ စီး၊ လူဦးရေ ၇၆၀ ခန့်ဖြင့် ကိုဗစ်ကာလအတွင်း ကားကမ်ပိန်း (Car Campaign) များ ပြုလုပ်ဆောင်ရွက်ခြင်းကို နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တို့မှ ကိုယ်တိုင်သွားရောက်အားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ NLD ပါတီကို မထောက်ခံသဖြင့် ယင်းတို့ မဲမရရှိနိုင်သည့် တိုင်းရင်းသားဒေသများ၏ မဲဆန္ဒနယ်များကို ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ခြင်း မပြုဘဲဖျက်သိမ်းခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် IDEA နှင့် IFES တို့သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန်အတွက် ကူညီဆောင်ရွက်ရန်ဖြစ်သော်လည်း ကြီးမားသော မဲစာရင်းမှားယွင်းမှုများနှင့် မဲလက်မှတ်များ မြောက်မြားစွာ အပိုရိုက်နှိပ်မှုများကို ထောက်ပြပြောဆိုခြင်း၊ တားမြစ်ခြင်းမပြုသည့်အပြင် ယင်းတို့ကိုယ်တိုင် နည်းပေးလမ်းပြပြု၍ ရပ်ကွက်၊ ကျေးရွာများအထိ မဲမသမာမှုများ ဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲ မဲမသမာမှုဖြစ်ရခြင်း၏အဓိက အချက်ဖြစ်သော ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင် ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ရန် အကြံပြုခဲ့သည်။ IDEA နှင့် IFES တို့မှ အကြံပြုချက် ၃၅၃ ချက်ကို ယခင်ရွေးကောက်ပွဲကော်မရှင်ရယူပြီး မဲမသမာမှုများကို ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတကာအဖွဲ့အစည်း ၂၄ ခုနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့အစည်းများက နိုင်ငံရေး ပါတီအချို့အား ထောက်ပံ့နေခြင်းကို ဥပဒေနှင့်မညီ ညွတ်သဖြင့် တားမြစ်ရန် တာဝန်ရှိသော်လည်း ဆောင်ရွက်ခြင်းမပြုခဲ့သည့်အပြင် မဲမသမာမှု များအတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်း စစ်ဆေးတွေ့ရှိချက်စာအုပ်တွင် လေ့လာတွေ့ရှိရ ပါသည်။

ထိုကဲ့သို့ အမှားအယွင်းကြီးမားစွာဖြင့် ဥပဒေမဲ့ဆောင်ရွက်မှုများကို လျစ်လျူရှုခဲ့လျှင် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် များစွာသော အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုရွေးကောက်ပွဲရလဒ်များနှင့် ဖွဲ့စည်းဆောင်ရွက်မည့် NLD ပါတီ အစိုးရအဖွဲ့သည် ယခင် ငါးနှစ်တာကာလ နိုင်ငံတော်ကို တာဝန်ယူခဲ့စဉ်က ဝန်ကြီးဌာနများတွင် နိုင်ငံတကာအကြံပေးများဖြစ်သည့်

> ❑ **၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲစာရင်းကြီးမားစွာမှားယွင်းမှုနှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများအား တာဝန်ရှိသူအဆင့်ဆင့်က ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအားခေါ်ယူခြင်းနှင့် အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သာ ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်**

ဂျိုးဖစ်ရှာ၊ ကိုဖီအာနန်၊ ရှောင်တနယ်တို့ အပါအဝင် နိုင်ငံခြားသား ၉၀ ကျော်ကို ခန့်အပ်ခဲ့ပြီး ငွေးရမ်းခကျပ် ၂၅ ဘီလီယံခန့်အထိ သုံးစွဲဆောင်ရွက်ခဲ့သည့် သာဓကများလည်းရှိခဲ့သည်။ ရွေးကောက်ပွဲ မဲမသမာမှုများကိုလည်း နိုင်ငံခြားအကြံပေးများ၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ယခင်ထက်ဆိုးရွားသည့် တစ်ပါတီအာဏာရှင် နိုင်ငံပေါင်းစုံ ဒီမိုကရေစီအစိုးရမျိုးဖြင့် ကြုံတွေ့ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲစာရင်းကြီးမားစွာမှားယွင်းမှုနှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများအား တာဝန်ရှိသူအဆင့်ဆင့်က ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအားခေါ်ယူခြင်းနှင့် အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သာ ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို** ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိဂုံး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များအရ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်မည်ဆိုပါက ရွေးကောက်ပွဲစနစ်များကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ တစ်မဲသာအနိုင်ရသည့် FPTP စနစ်ကြောင့် ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုအတွင်း အနိုင်ရပါတီများက လွှတ်တော်များအတွင်း မဲခွဲဆောင်ရွက်ရာတွင် အနိုင်ပြုကျင့်မှု ဖြစ်စဉ်များလည်းရှိခဲ့သည်။ တိုင်းရင်းသားဒေသများဖြစ်သည့် မွန်ပြည်နယ် ချောင်းဆုံးမြစ်ကူးတံတားကိစ္စ၊ ကယားပြည်နယ် ဗိုလ်ချုပ်ကြေးရုပ်ကိစ္စတို့ကို မျက်ကွယ်ပြုခဲ့ခြင်းမျိုးလည်း ရှိခဲ့သည်။ ထိုရွေးကောက်ပွဲစနစ်ကြောင့် တိုင်းရင်းသားပါတီငယ်များ နစ်နာမှုများရှိခဲ့သည်ကိုလည်း ဂရုပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၃၅ ခုနှစ် စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ အောက်လွှတ်တော်ရွေးချယ်တင်မြှောက်ရာတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကို အသုံးပြုဆောင်ရွက်ခဲ့သည့်အတွက် မြန်မာအမတ်များ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိခဲ့သည့် သာဓကများရှိခဲ့ပါသည်။ သို့ဖြစ်၍ အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပါတီများမှာ ယင်းတို့ကို ထောက်ခံသော လူထု၏ဆန္ဒမဲများဖြင့် လွှတ်တော်အတွင်း ဥပဒေပြုရေး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ထိုက်သင့်သလောက် ပါဝင်ခွင့်ရရှိလာမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်အခြေခံမူများတွင် "နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက်" မူချမှတ်ထားပြီးလည်း ဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅ (က) အရ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြရမည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကို ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျင်းပပြုလုပ်နိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများနှင့် မဲမသမာမှုဖြစ်စဉ်များအပေါ် သင်ခန်းစာရယူ၍ အနာဂတ်နိုင်ငံတော်အတွက် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရည်ညွှန်းချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
၂။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သောရွေးကောက်ပွဲများ၏အမိုင်းအကျဉ်း
၃။ နိုင်ငံရေးနှင့်နိုင်ငံရေးပါတီများ
၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ မဲမသမာမှုတရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်
၅။ ၁၉၅၈–၁၉၆၂ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ
၆။ မြန်မာနိုင်ငံရေးဖြစ်စဉ်အကျဉ်း

စုပေါင်းကာကွယ် မီးခိုးမြူငွေ့အန္တရာယ်

ကျော်နိုင်ဦး (ပတ်ဝန်းကျင်)

မီးခိုးမြူငွေ့ဆိုတာ လေထုထဲမှာ ဖုန်အမှုန့်တွေ၊ ရေငွေ့တွေ၊ အလွန်သေးငယ်တဲ့ အမှုန်အမွှားတွေနဲ့ အခြားဓာတ်ငွေ့တွေ ပေါင်းစပ်ရောနှောပါဝင်နေတဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ မီးခိုးမြူငွေ့တွေဟာ ပမာဏများလာတဲ့အခါ တစ်နေရာကနေ တခြားတစ်နေရာ၊ တစ်နိုင်ငံကနေ အခြားတစ်နိုင်ငံဆီကို အလွယ်တကူ ရွေ့လျားပျံ့နှံ့ပြီး လေထုညစ်ညမ်းမှုကို ဆိုးဆိုးရွားရွားဖြစ်စေတဲ့အတွက် ကျွန်ုပ်တို့ သက်ရှိလူသားတွေ၊ အပင်နဲ့တိရစ္ဆာန်တွေကို အလွန်အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ မီးခိုးမြူငွေ့ထဲမှာ ပါဝင်တဲ့အရာတွေကတော့ အလွန်သေးငယ်တဲ့ အမှုန်အမွှားတွေ Particulate Matter(PM 2.5/PM 10)၊ ကာဗွန်ဒိုင်အောက်ဆိုက်(CO_2)၊ ကာဗွန်မိုနောက်ဆိုက်(CO)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်(NO_2)၊ ဆာလဖာဒိုင်အောက်ဆိုက်(SO_2)၊ အိုဇုန်း(O_3)နဲ့ အခြားအဆိပ်ဓာတ်ငွေ့တွေပဲ ဖြစ်ပါတယ်။

မီးခိုးမြူငွေ့ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ

သဘာဝအလျောက် တောမီးလောင်ကျွမ်းတာနဲ့ မီးတောင်ပေါက်ကွဲလို့ ထွက်ရှိလာတဲ့ အခိုးအငွေ့တွေ၊ စက်ရုံ/အလုပ်ရုံ၊ မော်တော်ယာဉ်နဲ့ ဒီဇယ်/ဓာတ်ဆီအင်ဂျင်တွေကထွက်တဲ့ အခိုးအငွေ့တွေ၊ ကျောက်မီးသွေးနဲ့ ထင်းလောင်စာ သုံးစွဲမှုတွေက ထွက်လာတဲ့ အခိုးအငွေ့တွေ၊ အမှိုက်ပုံကြီးတွေ မီးလောင်တာနဲ့ စွန့်ပစ်အမှိုက်တွေမီးရှို့ရာကနေ ထွက်လာတဲ့ အခိုးအငွေ့တွေ၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးဖို့ တောခုတ်မီးရှို့ရာကထွက်တဲ့ မီးခိုးငွေ့တွေ၊ ရိုးပြတ်တွေ/ကောက်ရိုးတွေကို မီးရှို့လို့ထွက်လာတဲ့ မီးခိုးတွေ၊ မြေဩဇာရဖို့ ရည်ရွယ်ချက်နဲ့ စပါးခွံ၊ပြောင်းရိုးတွေကို မီးရှို့ရာကထွက်လာတဲ့ မီးခိုးတွေ စတာတွေဟာ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်စေတဲ့ အဓိကအကြောင်းအရာတွေဖြစ်ပါတယ်။

ဆိုးကျိုးသက်ရောက်မှုများ

မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်မှာ လူ၊ အပင်နဲ့တိရစ္ဆာန်တွေ ကောင်းမွန်စွာအသက်ရှင်သန်ရပ်တည်နိုင်ဖို့ ခက်ခဲပါတယ်။ မီးခိုးမြူငွေ့တွေအုံ့ဆိုင်းနေရင် မြင်ကွင်းမရှင်းလင်းတဲ့အတွက် ယာဉ်မတော်တဆ ထိခိုက်တာတွေဖြစ်နိုင်ပြီး လေယာဉ်တွေသက်ဆင်းဖို့လည်း အခက်တွေ့စေနိုင်ပါတယ်။ မီးခိုးမြူငွေ့ဖြစ်ပေါ်ချိန်မှာ နေအိမ်ထဲမှာသာ နေထိုင်ကြရပြီး ကျောင်းတွေ၊ ရုံးတွေ၊ ဈေးတွေ၊ ဟိုတယ်တွေ ပိတ်ထားရတဲ့အတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ များစွာထိခိုက်စေနိုင်ပါတယ်။ တောမီးလောင်ကျွမ်းတဲ့အခါ တောရိုင်းတိရစ္ဆာန်တွေရဲ့ နေရင်းဒေသတွေ ပျောက်ဆုံးကုန်ပြီး ဇီဝမျိုးစုံမျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်ကာ သဘာဝဂေဟစနစ်ကို ထိခိုက်လာစေရုံသာမက စားနပ်ရိက္ခာတွေလည်း ရှားပါးလာမှာဖြစ်ပါတယ်။ ဒ့ါအပြင် မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး အဲဒီကနေတစ်ဆင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက်အကျိုးသက်ရောက်စေမှာပဲ ဖြစ်ပါတယ်။

ကျရောက်စေနိုင်သော ရောဂါများ

မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကိုယ်လက်အင်္ဂါချို့ယွင်းတဲ့ရောဂါ၊ နှလုံးနဲ့ သွေးကြောဆိုင်ရာရောဂါ၊ အာရုံကြောထိခိုက်ပျက်စီးတာ၊ အသည်းကင်ဆာနဲ့ အခြားကင်ဆာရောဂါ၊ ဥဏ်ရည်ချို့ယွင်းတဲ့ရောဂါ၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုတဲ့ဝေဒနာ၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနဲ့ အသက်သေဆုံးခြင်းအထိ ဖြစ်စေနိုင်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်းခုနစ်သန်းနီးပါးခန့် အရွယ်မတိုင်မီ သေဆုံးနေရကြောင်း လေ့လာမှတ်သားခဲ့ရဖူးပါတယ်။

ကမ္ဘာ့ မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာများ

မီးခိုးမြူငွေ့ညစ်ညမ်းမှုဟာ အာဆီယံနိုင်ငံတွေမှာသာမက ကမ္ဘာ့နိုင်ငံတွေမှာပါ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံမှာ ၂၀၁၉-၂၀၂၀ ခုနှစ်တွေတုန်းက ရက်သတ္တ ၁၆ ပတ်ကြာ လောင်ကျွမ်းခဲ့တဲ့ တောမီးကြောင့် အဲဒီနိုင်ငံမှာသာမက အိမ်နီးချင်းနိုင်ငံတွေရဲ့ လေထုအရည်အသွေးအညွှန်းကိန်း မြင့်မားလာကာ ရောဂါဖြစ်ပွားမှုတွေ၊ သေဆုံးမှုတွေ ဖြစ်ပေါ်ခဲ့ကြရပါတယ်။ ထိုင်းနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စက်ရုံ/အလုပ်ရုံတွေ၊ တောင်ယာလုပ်ငန်းတွေနဲ့ တောမီးလောင်ကျွမ်းလို့ဖြစ်ပေါ်လာတဲ့ မီးခိုးမြူငွေ့တွေကြောင့် ကျန်းမာရေးထိခိုက်မှုတွေ ဖြစ်ပေါ်လာတဲ့အတွက် စာသင်ကျောင်းတွေ ပိတ်ထားခဲ့ရဖူးပါတယ်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာလည်း ယခု ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း မီးခိုးမြူငွေ့တွေ အုံ့ဆိုင်းနေပြီး လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေလို့ အသက်ရှူရခက်ခဲနေကြပြီး အိမ်အပြင်ထွက်အလုပ်လုပ်ကိုင်နိုင်မှု မရှိကြောင်း၊ ကျောင်းများ၊ ဈေးများ ပိတ်ထားရကြောင်း သတင်းများအရ ကြားသိနေရပါတယ်။

မြန်မာနိုင်ငံ မီးခိုးမြူငွေ့ညစ်ညမ်းမှုအခြေအနေ

မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြစ်ပွားခဲ့တဲ့ မီးလောင်ကျွမ်းမှုအခြေအနေတွေမှာဆိုရင် ရှမ်းပြည်နယ်ဟာ အများဆုံးဖြစ်ပြီး မီးလောင်မှုတွေရဲ့ အဓိကအကြောင်းရင်းတွေဟာ စိုက်ပျိုးရေးလုပ်ငန်းတွေကထွက်တဲ့ အမှိုက်တွေ၊ ရိုးပြတ်တွေနဲ့ စပါးခွံတွေကို မီးရှို့တာနဲ့ တောင်ယာခုတ်ထွင်စိုက်ပျိုးဖို့ တောမီးရှို့တာတွေကြောင့်ဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ တောမီးလောင်ကျွမ်းတာတွေကြောင့် ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ် မတ်လနဲ့ ဧပြီလတွေတုန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ပေါ်မှာ မီးခိုးမြူငွေ့တွေများပြားလာပြီး မြို့သူမြို့သားတွေဟာ မျက်စိစပ်ခြင်း၊ ယားယံခြင်း စတဲ့မီးခိုးမြူငွေ့ရဲ့ အကျိုးသက်ရောက်မှု လက္ခဏာတွေ ခံစားခဲ့ကြရပါတယ်။ ဂြိုဟ်တုသတင်းအချက်အလက်တွေအရ မြန်မာနိုင်ငံမှာ မီးလောင်ကျွမ်းမှုနဲ့ မီးခိုးမြူငွေ့တွေဟာ ပွင့်လင်းရာသီကာလမှာ ဖြစ်ပေါ်လေ့ရှိပြီး ဖေဖော်ဝါရီလ၊ မတ်လနဲ့ ဧပြီလတို့မှာ အများဆုံးဖြစ်ပွားလေ့ရှိပါတယ်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်များ(Fire Hotspot)

တောမီးနဲ့ မီးခိုးမြူငွေ့တွေ စောင့်ကြည့်အကဲဖြတ်ဖို့ အာဆီယံဒေသတွင်းဗဟိုဌာနဖြစ်တဲ့ ASEAN Specialised Meterological Centre – ASMC ကို ဖွဲ့စည်းထားရှိပြီး အာဆီယံဒေသတွင်းနိုင်ငံတွေမှာ မီးလောင်ကျွမ်းမှုဖြစ်စဉ် (Fire Hotspot) တွေကို စောင့်ကြည့်ကာ ပုံမှန်သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။ Fire Hotspot ဖြစ်ပေါ်မှုဟာ သစ်တောဧရိယာတွေထဲမှာသာမက စိုက်ပျိုးမြေတွေနဲ့ မြို့၊ ရွာ၊ ကျေးလက်တွေမှာလည်း ဖြစ်ပေါ်တွေ့ရှိရတဲ့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အပါအဝင် သက်ဆိုင်ရာ အစိုးရဌာနတွေအနေနဲ့ Fire Hotspot အရေအတွက်လျှော့ချဖို့ အလေးထားဆောင်ရွက်လျက်ရှိကြပါတယ်။ နယ်စပ်ဒေသတွေမှာ မီးလောင်ကျွမ်းမှုဖြစ်စဉ် (Fire Hotspot) တွေပိုများလာရင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ ဖြစ်လာနိုင်တဲ့အတွက် Fire Hotspot ဖြစ်ပေါ်မှုကို လျှော့ပါးအောင် အထူးအလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံဟာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ်က သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီသဘောတူညီချက်အရ ကျွန်ုပ်တို့ဟာ တောမီးလောင်မှုနဲ့ အခြားမီးအမျိုးမျိုးကြောင့်ဖြစ်ပေါ်လာတဲ့ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာတွေကို စောင့်ကြပ်ကြည့်ရှုဖို့နဲ့ ထိန်းချုပ်လျှော့ချသွားဖို့ တာဝန်ရှိပါတယ်။ မဲခေါင်ဒေသခွဲနိုင်ငံတွေမှာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ဖို့အတွက် ချင်းရိုင် ၂၀၁၇ လုပ်ငန်းစီမံချက် (Chiang Rai 2017 Plan of Action)ကို ချမှတ်ထားရှိပြီးဖြစ်လို့ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်ကို နှစ်အလိုက် လျှော့ချထိန်းချုပ်သွားကြရမှာ ဖြစ်ပါတယ်။

> **မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းတဲ့ရောဂါ၊ နှလုံးနဲ့ သွေးကြောဆိုင်ရာရောဂါ၊ အာရုံကြော ထိခိုက်ပျက်စီးတာ၊ အသည်းကင်ဆာနဲ့ အခြားကင်ဆာရောဂါ၊ ဥဏ်ရည်ချို့ယွင်းတဲ့ရောဂါ၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုတဲ့ ဝေဒနာ၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနဲ့ အသက်သေဆုံးခြင်းအထိ ဖြစ်စေနိုင်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်း ခုနစ်သန်းနီးပါးခန့် အရွယ်မတိုင်မီ သေဆုံးနေရ**

လိုက်နာဆောင်ရွက်ရန် အချက်များ

ဆိုးရွားလှတဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ မဖြစ်ပေါ်စေဖို့အတွက် အမှိုက်တွေမီးမရှို့ဖို့နဲ့ စနစ်တကျစွန့်ပစ်ကြဖို့ လိုအပ်ပါတယ်။ နေအိမ်တိုင်းသန့်ရှင်းနေကြရမှာဖြစ်သလို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတိုင်းမှာ စုပေါင်းသန့်ရှင်းရေးတွေ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သစ်ရွက်ခြောက်တွေနဲ့ မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်တွေကို သဘာဝမြေဩဇာပြုလုပ်တတ်ဖို့နဲ့ စနစ်တကျ မြေဖို့ စွန့်ပစ်တတ်ဖို့ လေ့ကျင့်ထားသင့်ပါတယ်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးတဲ့ အလေ့အထတွေကို လျှော့ချဆောင်ရွက်သင့်ကြပြီး တောင်ယာလုပ်ငန်းတွေ စတင်ချိန်မှာ ထိန်းချုပ်မီးရှို့တဲ့စနစ်ကို ကြိုတင်လုပ်ဆောင်ထားရှိရမှာ ဖြစ်ပါတယ်။

တောတောင်တွေထဲမှာ တရားမဝင် မဆင်မခြင် အမဲလိုက်တာ၊ ပျားဖွပ်တာ၊ တောမီးရှို့တာ စတာတွေကို လုံးဝမလုပ်မိကြဖို့လည်း လိုပါတယ်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောတွေ၊ သစ်တောစိုက်ခင်းတွေမှာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတိပေးဆိုင်းဘုတ်တွေ ချိတ်ဆွဲတပ်လှန့်ထားပြီး မီးတားလမ်းတွေကိုလည်း စနစ်တကျ ကြိုတင်ဖောက်လုပ်ထားဖို့ လိုအပ်ပါတယ်။

အသိပညာပေးလုပ်ငန်းတွေကို မြို့ပေါ်နဲ့ ရပ်ကွက်/ကျေးရွာတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒ့ါအပြင် မီးလောင်ကျွမ်းမှုဖြစ်စဉ်(Fire Hotspots) အရေအတွက်တွေကို စောင့်ကြည့်ဖို့နဲ့ လျှော့ချကြဖို့ ကြိုတင်စီစဉ်ထားရှိရမှာဖြစ်ပါတယ်။ တောမီးနဲ့ အခြားမီးလောင်ကျွမ်းတာကို သိရှိပါက သက်ဆိုင်ရာကို တာဝန်သိသိနဲ့ အမြန်ဆုံး အကြောင်းကြားရမှာ ဖြစ်ပါတယ်။

ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်တဲ့အတွက် တောမီးနဲ့ အခြားမီးလောင်ကျွမ်းတာတွေကြောင့် အန္တရာယ်ကြီးမားလှတဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ မဖြစ်ရလေအောင် ကျွန်ုပ်တို့ပြည်သူလူထုတစ်ရပ်လုံးက မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းတွေမှာ တာဝန်သိသိနဲ့ စုပေါင်းလက်တွဲ ပါဝင်ပေးကြဖို့ တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါတယ်။ ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၁-၂၀၂၂ တနင်္လာနေ့

MRTV

- ၀၆:၀၀ [illegible] (ဓမ္မသဘော)
- ၀၈:၀၀ နံနက်ခင်းသတင်း
- ၀၈:၂၅ [illegible] တရားတော်
- ၀၉:၃၅ [illegible]
- ၀၉:၄၅ [illegible]
- ၁၀:၃၀ [illegible] တရားတော်
- ၁၁:၀၀ Economic Review
- ၁၁:၃၅ [illegible] (အပိုင်း-၁)
- ၁၂:၃၀ [illegible] တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ [illegible] (အပိုင်း-၁၂)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ [illegible] (အပိုင်း-၆၇)
- ၁၆:၃၅ [illegible]
- ၁၇:၀၀ [illegible]
- ၁၇:၃၅ This Week's Special Interest
- ၁၈:၀၀ [illegible]
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံခြားသတင်း [illegible]
- ၂၁:၀၀ [illegible]
- ၂၁:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ [illegible] (အပိုင်း-၁၄)

mitv

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 New Destination for Sea Lovers (Done Nyaung Hmaing)
- 07:17 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya
- 07:23 Magnificent Festival in Tazaungmone
- 08:01 News
- 08:26 Global Updates; 4 Ways AI will reshape society
- 08:37 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
- 08:55 Fullmoon Day of Tazaungmone
- 09:01 Attractive New Destinations of Bagan
- 09:23 Mezali Salad & Vermicelli Soup
- 09:44 Discovering Tribes: Da Nu (Their Life and Customs) Part 1
- 10:51 Listening Pleasure, Instrumental Music (Banjo) Baranee

MRTV NRC

- [illegible]
- [illegible] (Interview)

MRTV News

- ၀၆:၀၀ [illegible]
- ၀၆:၄၀ [illegible]
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၅ [illegible]
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ MRTV National News
- ၁၆:၀၀ [illegible] (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ [illegible]

MRTV Parliament

- ၀၇:၀၀ [illegible]
- ၀၇:၃၀ [illegible]
- ၁၀:၀၀ [illegible]
- ၁၀:၃၀ PR SYSTEM [illegible]
- ၁၁:၀၀ [illegible]
- ၁၁:၃၀ [illegible] (အပိုင်း-၁၅)
- ၁၈:၀၀ Economic Review (အပိုင်း-၂၀)

MRTV Entertainment

- ၀၆:၀၀ [illegible]
- ၀၆:၁၅ [illegible]
- ၀၆:၄၅ [illegible]
- ၀၈:၀၀ [illegible]
- ၁၈:၀၀ Dream Girl 2023 (နိုင်ငံခြားဇာတ်ကား)
- ၂၂:၀၀ Hocus-Pocus-2- 2022 (နိုင်ငံခြားဇာတ်ကား)

MRTV Sports

- ၀၆:၀၀ [illegible]
- ၀၆:၂၀ [illegible]
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ [illegible]
- ၁၉:၃၅ Weekly Sports Info

MRTV Application — Android | iOS | Huawei

Education Channel [illegible]

တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်ကို တန်ဆောင်တိုင်ပိတ်ရက်များ၌ အထူးရထား ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပြည်တွင်း/ပြည်ပ ခရီးသွားများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်ကို နိုဝင်ဘာ ၂၅ရက်မှ ၂၇ ရက်အထိ တန်ဆောင်တိုင်ပိတ်ရက်များတွင် တောင်ကြီးဘူတာမှစတင်၍ နံနက် ၈ နာရီတွင် အထူးရထားအဖြစ် ပြေးဆွဲပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် တောင်ကြီး-ပေါ်မူ-တောင်ကြီး တန်ဆောင်တိုင်ပိတ်ရက် ရထားခရီးစဉ်၌ တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ တပျော်တပါး လိုက်ပါစီးနင်းခဲ့ကြပြီး နိုဝင်ဘာ ၂၇ ရက်တွင်လည်း ဆက်လက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင်ကွာဝေးကာ ပြေးဆွဲချိန် တစ်နာရီခွဲခန့်ကြာမြင့်မည်ဖြစ်ပြီး လမ်းခရီးတွင် ဘဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးမည်ဖြစ်သည်။ ပေါ်မူဘူတာသို့ ရောက်ရှိပါက ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် တစ်နာရီ ရပ်တန့်ပေးမည်ဖြစ်ပြီး ပြေးဆွဲမည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲတို့ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်တွင် အထက်တန်းလက်မှတ် တစ်ဦးလျှင် အသွား ကျပ် ၂၀၀၀၊ အပြန်ခရီး ကျပ် ၂၀၀၀ ဖြင့် လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ် တစ်ဦးလျှင် အသွား ကျပ် ၁၀၀၀၊ အပြန်ခရီး ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။ တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘ ပြည်သူများအနေဖြင့် စိတ်လက်အေးချမ်း ပျော်ရွှင်စွာ ရထားစီးပြီး အပန်းဖြေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ဟံသာဝတီအသင်းကို ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ယူ

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) တတိယနေ့ကို နိုဝင်ဘာ ၂၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်က ဟံသာဝတီယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

၂၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဇင်မင်းထွန်းက ဟံသာဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်း ရန်ကုန်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၄၁ မိနစ်တွင် ဇာနည်ထက်က ချေပဂိုးပြန်သွင်းခဲ့သည်။ ၆၃ မိနစ်တွင် ဇော်ဝင်းသိန်းက ရန်ကုန်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ပွဲစဉ် (၂၀) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၂၇ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်နှင့် ရှောဝတီယူနိုက်တက်၊ YUSC ကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

ယနေ့ဈေးကွက်ပေါက်ဈေးများ (၂၆ - ၁၁ - ၂၀၂၂)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၂၅ ကျပ်	၂၁၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၁၅ ကျပ်	၂၂၆၀ ကျပ်
အောက်တိန်း ၉၂	၂၂၁၀ ကျပ်	၂၂၆၀ ကျပ်
အောက်တိန်း ၉၅	၂၃၅၀ ကျပ်	၂၄၀၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၆၀၀	၈၇၀၀	၁၄၂	၁၂၃၂၃၀၀
MTSH	၂၉၀၀	၂၉၀၀	၁၉၈၉	၅၇၆၈၁၀၀
MCB	၀	၀	၀	၀
FPB	၁၅၅၀	၁၆၀၀	၁၀၃၈	၁၆၁၆၁၅၀
TMH	၂၄၀၀	၂၄၀၀	၂၀၀	၄၈၀၀၀၀
EFR	၂၀၀၀	၂၀၀၀	၅	၁၀၀၀၀
AHPC	၄၉၀၀	၄၉၀၀	၃၀	၁၄၇၀၀၀
MAEPC	၁၇၀၀	၁၇၀၀	၅၀၅	၈၅၈၅၀၀

ညီညီ - စုစည်းသည်

မြန်မာ့ကော်ဖီ ဖွံ့ဖြိုးမှုမှသည် နိုင်ငံ့စီးပွား တိုးပွားစေမည်

နှင်းယု

မွှေးပျံ့သော ရနံ့နှင့် ခါးဆိမ့်သော အရသာရှိသည့် ကော်ဖီတစ်ခွက်က ပင်ပန်းမှုကို ပြေလျော့စေသည်။ လန်းဆန်းမှုဖြစ်စေသည်။ လူတန်းစားမရွေး၊ အချိန်အခါမရွေး ကော်ဖီကို နှစ်သက်စွာ သောက်သုံးကြသည်။ အနံ့၊ အရသာ ထူးခြားပြည့်စုံသည့် မြန်မာ့ကော်ဖီကို ကာလာစုံ၊ ဒီဇိုင်းစုံ ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ပြည်တွင်းစားသုံးသူများ ရရှိနိုင်သည့်အပြင် ပြည်ပဈေးကွက်သို့လည်း တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ကော်ဖီကို အမေရိကန်၊ ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိသည်။

ကော်ဖီပင်သည် နှစ်ရှည်ပင် ဖြစ်သည့်အတွက် တစ်ခါစိုက်ပျိုးပြီး အပင်ဖြစ်ထွန်းပါက နှစ်ပေါင်းများစွာ ဝင်ငွေရမည့် သီးနှံပင်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်ပေကို မူတည်ကာ၊ ဒေသ၏ ရေမြေရာသီဥတုအခြေအနေကို မူတည်ကာ ဈေးကွက်ဝင် တန်ဖိုးမြှင့် အရည်အသွေးကောင်း ကော်ဖီမျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

ကော်ဖီသီးနှံထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် အဖွဲ့အစည်းများ ပါဝင်သော ကော်ဖီဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ကော်ဖီသီးနှံ ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီလျက်ရှိ

ထို့ပြင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကော်ဖီသီးနှံ ထုတ်လုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီလျက်ရှိသည်။

ကော်ဖီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အနေဖြင့် အားပေးကူညီလျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မေလအတွင်း သွားရောက်ခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရီးစဉ်နှင့် စက်တင်ဘာလအတွင်း သွားရောက်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်တို့၌ ကော်ဖီလုပ်ငန်းရှင်များ အပါအဝင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

မဲခေါင်-လန်ချန် အထူးရန်ပုံငွေဖြင့် ကော်ဖီစိုက်တောင်သူများသို့ လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်စဉ်။

> ❖ **ကော်ဖီသီးနှံက စိုက်ပျိုးတဲ့သူအတွက် အကျိုးကျေးဇူးရှိသလို နိုင်ငံတော်အတွက် ပြည်ပပို့ကုန်တစ်ခုအဖြစ် အလားအလာအများကြီးရှိတဲ့ သီးနှံတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကလည်း အားပေးတယ်။ စိုက်ပျိုးတဲ့သူတွေဘက်ကလည်း ကော်ဖီဖွံ့ဖြိုးရေးကို အားစိုက်ကြတယ်။ ကော်ဖီသီးနှံထုတ်လုပ်တဲ့ MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ အရင်းအမြစ်စတဲ့အချက်လေးချက် ပြည့်စုံအားကောင်းရေးကို ကျွန်မတို့ဌာနအနေနဲ့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိ**

"ကော်ဖီသီးနှံက စိုက်ပျိုးတဲ့သူအတွက် အကျိုးကျေးဇူးရှိသလို နိုင်ငံတော်အတွက် ပြည်ပပို့ကုန်တစ်ခုအဖြစ် အလားအလာအများကြီးရှိတဲ့ သီးနှံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကလည်း အားပေးတယ်။ စိုက်ပျိုးတဲ့ သူတွေဘက်ကလည်း ကော်ဖီဖွံ့ဖြိုးရေးကို အားစိုက်ကြတယ်။ ကော်ဖီသီးနှံထုတ်လုပ်တဲ့ MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ အရင်းအမြစ်စတဲ့ အချက်လေးချက် ပြည့်စုံအားကောင်းရေးကို ကျွန်မတို့ ဌာနအနေနဲ့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အိရွှေစင်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးပြီး ဧရိယာစုစုပေါင်း ၂၀၂၄၂ ဟက်တာ (ဧက ၅၀၀၀၀ ခန့်)ရှိပြီး အသီးခူးဧရိယာမှာ ၁၄၁၇၀ ဟက်တာ (ဧက ၃၅၀၀၀ ခန့်) ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီဆန်ထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

"နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေကနေ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်ဖို့ ငွေကျပ်သိန်း ၂၀၀ ချေးငွေ ရရှိခဲ့ပါတယ်။ ဒီလိုရရှိခဲ့တဲ့အတွက် ကိုယ့်လုပ်ငန်း ပိုပြီးတိုးတက်အောင် လုပ်ဆောင်နိုင်တဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ကူညီမှုတွေပေးစေချင်ပါတယ်။ ကော်ဖီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်ပဈေးကွက် တင်ပို့တဲ့ လုပ်ငန်းစဉ်ပိုပြီးလွယ်ကူအောင်လည်း ကူညီပေးစေချင်ပါတယ်။ ကျွန်တော်တို့ ကော်ဖီလုပ်ငန်းက စနစ်တကျသေချာလုပ်မယ်ဆိုရင် လုပ်ငန်းရှင်အတွက်၊ နိုင်ငံအတွက် ပြည်ပဝင်ငွေရရှိနိုင်တဲ့ လုပ်ငန်းတစ်ခုပါ။ စိုက်ပျိုးရေးလုပ်ငန်းဆိုပေမယ့် အနုစိတ်တယ်။ စိုက်ပျိုးတဲ့နေရာကနေစပြီး ထုတ်လုပ်တဲ့ အဆင့်ဆင့်ကိုလည်း ဂရုစိုက်ရတယ်။ ထုတ်လုပ်ပြီးတော့ ဝယ်သူလက်ထဲ ရောက်တဲ့အထိ အနံ့အရသာ ပြည့်စုံတဲ့ မြန်မာ့ကော်ဖီအမှတ် တံဆိပ်ဖြစ်အောင် စနစ်တကျလုပ်ရပါတယ်"ဟု Light House အမှတ်တံဆိပ် ကော်ဖီလုပ်ငန်းရှင် ဦးဇေယျာမင်းက ပြောပြသည်။

ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီခြံများသို့ လက်တွေ့ကွင်းဆင်း၍ ကော်ဖီပင်စည်ထိုးပိုး ကာကွယ်နှိမ်နှင်းခြင်း ဆောင်ရွက်စဉ်။

ကမ္ဘာ့ဈေးကွက်တွင် ရေနံပြီးလျှင် ကော်ဖီသည် ကုန်သွယ်မှုအများဆုံး

ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် ရေနံပြီးလျှင် ကုန်သွယ်မှုအများဆုံးဖြစ်သည်။ အနံ့နှင့်အရသာကောင်းမွန်လျှင် ဈေးကောင်းရသည့်အတွက် မြန်မာကော်ဖီ ဖွံ့ဖြိုးရေးအတွက် နေရာဒေသနှင့် ကိုက်ညီသည့် မျိုးရွေးချယ်မှု မှန်ကန်ရေးကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အားစိုက်ကူညီပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကော်ဖီစိုက်တောင်သူများအတွက် ပညာပေးရေးလုပ်ငန်းများ၊ ကွင်းဆင်း ကြီးကြပ်ခြင်းလုပ်ငန်းများကို လအလိုက် တစ်နှစ်ပတ်လုံး အချိန်ဇယားများ ရေးဆွဲပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကော်ဖီသီးနှံကို အဓိကထား စိုက်ပျိုးသော ဒေသများအနက် နည်းစနစ် မှန်ကန်စွာ စိုက်ပျိုးပြုစုသော ပြင်ဦးလွင်ဒေသ၌ပင် ၂၀၂၁ ခုနှစ်မှစ၍ ကော်ဖီပင်စည်ထိုးပိုးကျရောက် ဖျက်ဆီးခြင်းခံရသောကြောင့် ပြင်ဦးလွင်ဒေသရှိ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ဝန်ထမ်းများ ဦးဆောင်၍ ကော်ဖီစိုက်တောင်သူများအား (TOT) သင်တန်းပေးခြင်း ငါးကြိမ်အပါအဝင် နည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း၊ ဆင့်ပွားသင်တန်းများ ပြုလုပ်ခြင်း၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ ကော်ဖီစိုက်တောင်သူများ၏ စိုက်ခင်းများအရောက် ကွင်းဆင်း၍ နည်းပညာများပေးခြင်း၊ လက်တွေ့နှိမ်နင်းမှု သရုပ်ပြခြင်းများဆောင်ရွက်ခြင်း၊ ကော်ဖီပင်စည်ထိုးပိုးအန္တရာယ် ကာကွယ်နှိမ်နင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဖေ့စ်ဘုတ်နှင့် သတင်းမီဒီယာများမှ သတင်းဆောင်းပါးများ ဖော်ပြခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မကြာမီ ကော်ဖီအသီးခူးရာသီသို့ ရောက်ရှိလာတော့မည် ဖြစ်ပါသောကြောင့် ကော်ဖီပင်စည်ထိုးပိုးကို ဌာနမှ ပညာပေးသည့်အတိုင်း စနစ်တကျဆောင်ရွက်မှု မရှိပါက ထိရောက်စွာ မကာကွယ်နိုင်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျံ့နှံ့သွားပြီး တောင်သူများ၏ အကျိုးစီးပွားသာမက နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်နိုင်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

"ကော်ဖီသီးနှံက စနစ်တကျ တစ်ခါစိုက်ပြီးရင် ရေရှည်အကျိုးပြုတဲ့ နှစ်ရှည်သီးနှံ ဖြစ်တယ်။ ဒါကြောင့် စိုက်ပျိုးချင်ကြတယ်။ အခုလက်ရှိမှာ နိုင်ငံတော်ကလည်း ကော်ဖီဖွံ့ဖြိုးရေးအတွက် အားပေးနေတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့လည်း ကော်ဖီစိုက်ပျိုးတဲ့သူတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးနည်းစနစ်တွေ စဉ်ဆက်မပြတ် ပေးနေပါတယ်။ ပြီးတော့ အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုတဲ့ ကော်ဖီသီးမှည့်အခွံချွတ်စက်၊ အကျိအချွဲဖယ်စက်၊ ကော်ဖီလှန်းစင်၊ ကော်ဖီသီးအချိုခ်တ်တိုင်းကိရိယာ၊ ကော်ဖီဆန်အစိုဓာတ်တိုင်းကိရိယာ၊ ကျင်းတူးစက်၊ နေရောင်ခြည်သုံး အခြောက်ခံကိရိယာ၊ ကော်ဖီပင်ကိုင်းဖြတ် ပုံသွင်းကိရိယာစတဲ့ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာတွေကို ထောက်ပံ့ကူညီပေးနေတာလည်း ရှိပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ရှင်းပြသည်။

မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန် ဆောင်ရွက်လျက်ရှိ

မြန်မာ့ကော်ဖီအရည်အသွေးပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှု ပမာဏတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်၊ ကော်ဖီကို မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်လာစေရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊

စာမျက်နှာ ၂၁ သို့

မွန်ပြည်နယ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၃ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများစသည့် ထိခိုက်လွယ်အုပ်စုများ အပေါ် အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ် အနေဖြင့် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်း အဖွဲ့ကိုဖွဲ့စည်း၍ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များ ကိုသာမက ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အမျိုးသမီးကော်မတီများအဆင့်ဆင့်မှလည်း အမျိုးသမီးများအပေါ် နည်းလမ်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်စေရေး၊ ဥပဒေကြောင်းအရ ပိုမိုအကာအကွယ်ပေးနိုင်ရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရန်နှင့် တုံ့ပြန်မှုများ ဆောင်ရွက်ရန်အတွက် အသိပညာပေးခြင်းအပြင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုတွေ အဆုံးသတ်စေရေး အရှိန်အဟုန်မြှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု ဗီဒီယိုကလစ်နှင့် မော်လမြိုင်မြို့၊ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းသား ကျောင်းသူများ၏ Fitness Dance အကဖြင့် ဖျော်ဖြေတင်ဆက်နေမှုကိုကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

စည်သူ(ပြန်/ဆက်)

ငဖဲမြို့နယ် ပေါက်ရင်းကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအောင်ပွဲ ကျင်းပ

ငဖဲ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာအုပ်စုအတွင်းရှိ ပေါက်ရင်းကုန်းကျေးရွာ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မိနီဘတ်ဂျက် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လျှပ်စစ်မီးလင်းရေးအောင်ပွဲကို နိုဝင်ဘာ ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ကျေးရွာအတွင်း လျှပ်စစ်မီးရရှိမှု အခြေအနေကို တွေ့ရစဉ်။

အခမ်းအနားတွင် ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များက ကျေးရွာမီးလင်းရေးအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာက လမ်းမီးနှင့်နေအိမ်မီးများပါရရှိသည့်အတွက် လျှပ်စစ်မီးများကို စနစ်တကျသုံးစွဲတတ်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးသတိထား ဆောင်ရွက်ရမည့် အချက်များကို ကျေးရွာပြည်သူများက အသိပညာပေးပြောကြားပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါမီးရရှိရေးတွင် တင်ဒါအောင်ကုမ္ပဏီက ၁၁ ကေဗွီဓာတ်အားလိုင်း သွယ်တန်းခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နှစ်ကုန်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့၍ ဓာတ်အားလိုင်းပေ ၅၀၀ သွယ်တန်းခြင်း ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေကျပ် ၂၈ ဒသမ ဖ၆ သန်းဖြင့် ကျခံပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ဝ ဒသမ ၄ မိုင် သွယ်တန်းခြင်းနှင့် လမ်းမီးပွင့် ၃၅ ပွင့် တပ်ဆင်ခြင်းအတွက် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၈ ဒသမ ၂ သန်း စုစုပေါင်း ကုန်ကျငွေကျပ် ၄၆ ဒသမ ၈၆ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

အိမ်ခြံမြေများ လွှဲပြောင်းရောင်းချမှုအပေါ် အခွန်ပြည့်ဝစွာကောက်ခံရရှိရေး အလုပ်ရုံဆွေးနွေး

မုံရွာ နိုဝင်ဘာ ၂၆

နိုင်ငံတော်အတွင်း အိမ်ခြံမြေများလွှဲပြောင်းရောင်းချမှုအပေါ် အခွန်ပြည့်ဝစွာ ကောက်ခံရရှိရေး စိစစ်ကြပ်မတ်ရန်ကိစ္စနှင့် ပတ်သက်သည့် ညွှန်ကြားချက်များဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးက အိမ်ခြံမြေများ လွှဲပြောင်းရောင်းချခြင်းမှ အခွန်လွတ်ကင်းမှု မရှိစေရေးနှင့် နိုင်ငံတော်အတွက် ရသင့်အခွန်များ ပြည့်ဝစွာ ကောက်ခံရရှိစေရေး စိစစ်ကြပ်မတ်နိုင်ရေးဆိုင်ရာများ၊ လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကိုယ်စားလှယ်လွှဲအပ်စာများအပေါ်တွင် ဂရုပြုဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးသည်။

ဆက်လက်ပြီး ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူးနှင့် စစ်ကိုင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးတို့က အိမ်ခြံမြေများလွှဲပြောင်းရောင်းချမှုအပေါ် အခွန်ပြည့်ဝစွာ ကောက်ခံရရှိစေရေး စိစစ်ကြပ်မတ်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စာမျက်နှာ ၂၀ မှ

မျိုးစေ့ပျိုးပင်ပျိုးထောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ - ရာသီသီးနှံဌာနခွဲမှ ဆောင်ရွက်လျက်ရှိသည်။

"ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူပညာပေးစံပြကွက်တွေ ကျွန်တော်တို့ဌာနက စိုက်ပျိုးပြတာလည်း ရှိပါတယ်။ ပြီးတော့ အသုံးချသုတေသန စမ်းသပ်ကွက်တွေလည်း စိုက်ပြပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ ကော်ဖီစိုက်ခင်းတွေ၊ ကော်ဖီ GAP အသိမှတ်ပြုလက်မှတ်တွေ ရရှိရေးကိုလည်း ကူညီပေးနေပါတယ်"ဟု ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးက ပြောသည်။

ကော်ဖီ - ရာသီသီးနှံဌာနခွဲသည် စိုက်ပျိုးရေးထုတ်ကုန်များကို ဘေးအန္တရာယ် ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးနှင့် စားသောက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ မကျန်ရှိစေရေးတို့အတွက် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်တန်းများကိုလည်း ကော်ဖီစိုက်ပျိုးသူများထံ စဉ်ဆက်မပြတ်ပို့ချ ပေးလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနကနေ ထောက်ပံ့ပေးခဲ့တဲ့ လုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာတွေက ကျွန်တော်တို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း လုပ်ဆောင်ရာမှာ အများကြီး အသုံးဝင်ပါတယ်။ ကျွန်တော်တို့ ဒေသနဲ့လည်း ကိုက်ညီတဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် ဒေသတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးကိုလည်း အကျိုးပြုတယ်။ ပြီးတော့ ကျွန်တော်တို့လို ကော်ဖီစိုက်တောင်သူတွေအတွက် နည်းပညာသင်တန်းတွေပေးတာ၊ ပစ္စည်းကိရိယာတွေ ထောက်ပံ့ပေးတာတွေကို ဆက်လက်ပြီးတော့ လုပ်ပေးစေချင်ပါတယ်" ဟု သံတောင်ကြီးကော်ဖီ အစုအဖွဲ့မှ အဖွဲ့ဝင်တောင်သူတစ်ဦးဖြစ်သည့် ဦးစောပီတာက ပြောသည်။

မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီမျိုးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ဒေသများ၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ မိုးကုတ်နှင့် ပြင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး အနောက်ခြမ်းရှိ နတ်ရေကန်တောင်တန်းစသည့် ဒေသများတွင် စိုက်ပျိုးမှုများပြီး မြေနိမ့်ကော်ဖီမျိုးများကို ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြသည်။

ထိုသို့ နိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးရာတွင် ကော်ဖီမျိုးစိတ် (Species)များစွာ ရှိသော်လည်း အနံ့နှင့်အရသာကောင်းမွန်ပြီး ဈေးကောင်းရရှိသည့် ကုန်းမြင့်ကော်ဖီမျိုး အာရေးဗီကားနှင့် မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် ရိုဘတ်စတာ၊ လိုက်ဘာရီကာ၊ အိတ်ဆယ်စာ စသည့် ကော်ဖီမျိုးစိတ်လေးခုကိုသာ စီးပွားဖြစ် စိုက်ပျိုးမှုများကြောင်း သိရသည်။

ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသည့် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် မြန်မာနိုင်ငံသည် ပါဝင်နေပြီး စိုက်ပျိုးထွက်ရှိနေသည့် ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးကောင်း ကော်ဖီမျိုးများဖြစ်သည့်အတွက် ကော်ဖီကဏ္ဍသည် နိုင်ငံ့စီးပွား မြှင့်တင်ရေးကို အထောက်အပံ့ကောင်းများစွာ ဖော်ဆောင်ပေးနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။

သို့ဖြစ်ရာ ကော်ဖီသီးနှံ ကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးမှုရရှိရေးကို ကော်ဖီထုတ်လုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံကော်ဖီအသင်းနှင့် အဖွဲ့အစည်းများက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဆုံဆို့နာရောဂါအပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုပါ အပြင်းအထန်ခံစားနေရတဲ့ နိုင်ဂျီးရီးယား

လင်းလက်ကြယ်

နိုင်ဂျီးရီးယားနိုင်ငံ ကာနိုပြည်နယ်ရှိ မာတလာ မူဟာမက်အထူးကုဆေးရုံ၏ ဆုံဆို့နာကုသရေးဌာန၌ လူနာများအား ဆရာဝန်တစ်ဦးက ပုံမှန်ဆေးစစ်မှုပြုလုပ်စဉ်။

Diphtheria လို့ ခေါ်တဲ့ ဆုံဆို့နာရောဂါဟာ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာ ဖြစ်ပွားတာ ရှားပါးနေပြီဆိုသော်ငြား အချို့နိုင်ငံတွေမှာတော့ အသိပညာပေးလှုပ်ရှားမှု နည်းပါးခြင်း၊ ကာကွယ်ဆေးထိုးနှံမှု နည်းပါးခြင်း စတဲ့အကြောင်းခြင်းရာတွေကြောင့် အနည်းနဲ့အများဆိုသလို ရောဂါကူးစက်ဖြစ်ပွားနေဆဲပါပဲ။ အထူးသဖြင့် အာဖရိကတိုက်ရဲ့ လူဦးရေအထူထပ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ နိုင်ဂျီးရီးယားမှာဆိုရင် ဆုံဆို့နာရောဂါကူးစက်မှုနဲ့ သေဆုံးမှုတွေ အဖြစ်များလာနေပါတယ်။

ကြောက်ရွံ့တုန်လှုပ်မှု ဖြစ်ပွား

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာနိုပြည်နယ်ရဲ့ လူစည်ကားရာ ရပ်ကွက်တွေမှာ ဆုံဆို့နာရောဂါဟာ တိတ်တဆိတ် အဖြစ်များလာနေပြီး တစ်နေ့တခြား သေဆုံးသူများပြားလာတဲ့အတွက် ဒေသခံလူထုအသိုင်းအဝိုင်းကြားမှာ ကြောက်ရွံ့တုန်လှုပ်မှု ဖြစ်ပွားလျက်ရှိပါတယ်။ လူတစ်ဦးရဲ့ နှာခေါင်း၊ လည်ချောင်း၊ တစ်ခါတစ်ရံ အရေပြားတို့ကနေ ကူးစက်တဲ့ ပြင်းထန်ဗက်တီးရီးယားကူးစက်မှု ဆုံဆို့နာရောဂါဟာ နိုင်ဂျီးရီးယားနိုင်ငံမှာ ပြန်လည်ဖြစ်ပွားနေတာပါ။

နိုင်ဂျီးရီးယားနိုင်ငံရဲ့ လူဦးရေအထူထပ်ဆုံး ပြည်နယ်ဖြစ်တဲ့ ကာနိုပြည်နယ်ရဲ့ ရပ်ကွက်တွေအတွင်းမှာ ဆုံဆို့နာ ရောဂါအလွန်အဖြစ်များလာတဲ့အတွက် ရောဂါကူးစက်ဖြစ်ပွားမှုရဲ့ ဗဟိုချက်အဖြစ်ရှိနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးထိုးနှံမှု နည်းပါးခြင်း၊ နားလည်မှု လွဲမှားခြင်း၊ ယုံမှားသံသယဖြစ်ခြင်းတို့ကြောင့်လည်း ကာကွယ်ဆေးထိုးနှံဖို့ တုံ့ဆိုင်းနေပြီး ရောဂါတိုက်ဖျက်ရေးမှာ ထိရောက်သင့်သလောက် မထိရောက်တာလည်း ဖြစ်ပါတယ်။

ဆုံဆို့နာအတည်ပြုရောဂါဖြစ်ပွားသူလူဦးရေ ၈၄၀၀ ကျော်ရှိ

နိုင်ဂျီးရီးယားရောဂါ ထိန်းချုပ်ရေးစင်တာ (အင်န်စီဒီစီ) ရဲ့ ထုတ်ပြန်ချက်အရဆိုရင် နိုင်ငံအတွင်း လက်ရှိအချိန်အထိ ဆုံဆို့နာအတည်ပြုရောဂါဖြစ်ပွားသူလူဦးရေ ၈၄၀၀ ကျော်ရှိတဲ့အနက် ကာနိုပြည်နယ်တစ်ခုတည်းမှာတင် ၇၁၈၈ ဦးရှိတာကြောင့် ရောဂါဖြစ်ပွားသူ စုစုပေါင်းရဲ့ ၈၆ ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြထားပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံရဲ့ ပြည်နယ် ၃၆ ခုအနက် ၁၉ ခုထက်မနည်းမှာ ရောဂါဖြစ်ပွားမှုနဲ့ ရင်ဆိုင်ရလျက်ရှိပါတယ်။

ယိုဘီ၊ ကတ်ဆီနာ၊ ဘော်နို၊ ဂျီဂါဝါနဲ့ ကာဒူနာ အပါအဝင် ရောဂါဖြစ်ပွားမှု အပြင်းထန်ဆုံးထိခိုက်ခံစားရတဲ့ ပြည်နယ်တွေအားလုံးဟာ နိုင်ငံရဲ့ မြောက်ဘက်အခြမ်းမှာ တည်ရှိနေတာပါ။ ၂၀၂၂ ခုနှစ်ဒီဇင်ဘာလမှာ ဆုံဆို့နာ စတင်ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာလမှာ ကလေးငယ်အများစုအပါအဝင် အဲဒီရောဂါကြောင့် လူပေါင်း ၆၀၀ ကျော် သေဆုံးပြီးဖြစ်တယ်လို့ အင်န်စီဒီစီက ပြောပါတယ်။

ကလေးငယ်အများစု ဆုံဆို့နာ ကာကွယ်ဆေး မထိုးနှံထားရသေး

အဲဒီလိုသေဆုံးသူ အရေအတွက်ဟာ ၂၀၁၁ ခုနှစ်က နောက်ဆုံးဖြစ်ပွားခဲ့တဲ့ အရေအတွက်ကို ကျော်လွန်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်တုန်းက နိုင်ဂျီးရီးယားနိုင်ငံမှာ ဆုံဆို့နာရောဂါဖြစ်ပွားသူ ၉၈ ဦးနှင့် သေဆုံးသူ ၂၁ ဦးသာရှိခဲ့တာ ဖြစ်ပါတယ်။ လက်ရှိရောဂါဖြစ်ပွားမှုအတွင်းမှ ကလေးငယ်အများစုဟာ ဆုံဆို့နာ ကာကွယ်ဆေးမထိုးနှံထားရသေးကြောင်း ကာနိုပြည်နယ်၌ ဆုံဆို့နာ သီးသန့်ခွဲခြားထားသောစင်တာသို့ မကြာသေးမီက သွားရောက်လည်ပတ်စဉ်တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးလည်းဖြစ်၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေး အကြီးအကဲဟောင်းတစ်ဦးလည်းဖြစ်သူ ဖိုင်စဲလ်ရှူအစ်ဘ်က မီဒီယာကို ပြောပါတယ်။

ဆုံဆို့နာရောဂါကို တိုက်ဖျက်ရေးအတွက် ရောဂါကူးစက်ဖြစ်ပွားနေသော ပြည်နယ်တွေအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး ချီတုံချတုံဖြစ်နေတဲ့သူတွေကို ကာကွယ်ဆေးထိုးနှံလာစေရေး ပညာပေးလှုပ်ရှားမှုတွေ ကျယ်ကျယ်ပြန့်ပြန့်စတင်လုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။ ဒဏ္ဍာရီတွေ၊ အထင်အမြင်လွဲမှားမှုတွေနဲ့ ယုံမှားသံသယဖြစ်မှုတွေက နိုင်ဂျီးရီးယားနိုင်ငံရဲ့ အချို့နေရာတွေ အထူးသဖြင့် နိုင်ငံမြောက်ပိုင်း ပြည်နယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုရရှိရေးမှာ သိသာထင်ရှားတဲ့ အတားအဆီးတစ်ခုအဖြစ်ရှိနေတယ်လို့ အင်န်စီဒီစီအကြီးအကဲ အီဖက်ဒယို အဒီတီဖာက မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

တိကျတဲ့သတင်းအချက်အလက်တွေ ပေးဆောင်ဖို့ရည်ရွယ်သင့်

လက်ရှိမှာ ကာကွယ်ဆေးထိုးနှံမှုနဲ့ ပတ်သက်ပြီး အဲဒီအယူအဆ အလွဲအမှားတွေကို အမျိုးသားရောဂါဆိုင်ရာစီမံခန့်ခွဲမှုအသင်းအဖွဲ့မှတစ်ဆင့် ချေဖျက်နိုင်ဖို့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ သတင်းအမှားတွေထက် သိပ္ပံနည်းကျအထောက်အထားတွေကို အခြေခံပြီး အမြော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်တွေကို တစ်ဦးချင်းစီ ချမှတ်နိုင်ဖို့အတွက် ရောဂါဖြစ်ပွားနေတဲ့ ပြည်နယ်တွေမှာ ပညာပေးလှုပ်ရှားသူတွေအနေနဲ့ ကာကွယ်ဆေးတွေအကြောင်း၊ အဲဒီဆေးတွေရဲ့ အကျိုးအာနိသင်အကြောင်း၊ အသေးစိတ်စမ်းသပ်မှုတွေအကြောင်းနဲ့ ၎င်းတို့လုပ်ဆောင်ခဲ့တဲ့ ဘေးကင်းရေးပရိုတိုကောလ်တွေအကြောင်းကို တိကျတဲ့သတင်းအချက်အလက်တွေ ပေးဆောင်ဖို့ ရည်ရွယ်သင့်တယ်လို့ ၎င်းက ပြောပါတယ်။

> **လက်ရှိမှာ ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး အဲဒီအယူအဆ အလွဲအမှားတွေကို အမျိုးသားရောဂါဆိုင်ရာ စီမံခန့်ခွဲမှုအသင်းအဖွဲ့မှတစ်ဆင့် ချေဖျက်နိုင်ဖို့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ သတင်းအမှားတွေထက် သိပ္ပံနည်းကျအထောက်အထားတွေကို အခြေခံပြီး အမြော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်တွေကို တစ်ဦးချင်းစီ ချမှတ်နိုင်ဖို့အတွက် ရောဂါဖြစ်ပွားနေတဲ့ ပြည်နယ်တွေမှာ ပညာပေးလှုပ်ရှားသူတွေအနေနဲ့ ကာကွယ်ဆေးတွေအကြောင်း၊ အဲဒီဆေးတွေရဲ့ အကျိုးအာနိသင်အကြောင်း၊ အသေးစိတ်စမ်းသပ်မှုတွေအကြောင်းနဲ့ ၎င်းတို့ လုပ်ဆောင်ခဲ့တဲ့ ဘေးကင်းရေးပရိုတိုကောလ်တွေအကြောင်းကို တိကျတဲ့ သတင်းအချက်အလက်တွေပေးဆောင်ဖို့ ရည်ရွယ်သင့်တယ်လို့ ၎င်းကပြော**

စက်တင်ဘာလက ရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်တဲ့ အစီရင်ခံစာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံ လူဦးရေရဲ့ ၅၇ ရာခိုင်နှုန်းသာလျှင် ဆုံဆို့နာအပြင် အခြားအသက်အန္တရာယ်ရှိတဲ့ ရောဂါလေးမျိုးမှ ကာကွယ်ပေးနိုင်တဲ့ ငါးမျိုးတွဲကာကွယ်ဆေး (pentavalent vaccine) ကို ထိုးနှံထားပြီးဖြစ်တယ်လို့ ပြောပါတယ်။ ဒါ့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လူထုအသိုက်အဝန်းကို အကာအကွယ်ပေးဖို့နဲ့ နိုင်ငံအတွင်းအနာဂတ်မှာ ရောဂါဖြစ်ပွားမှုမှ ကင်းဝေးစေဖို့အတွက် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို အနည်းဆုံး နိုင်ငံလူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထိုးနှံရေးလုပ်ဆောင်ဖို့ နိုင်ဂျီးရီးယားနိုင်ငံကို တိုက်တွန်းထားပါတယ်။

ထိန်းချုပ်ဟန့်တားရေး အစီအမံတွေစတင်

နိုင်ဂျီးရီးယားနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ပြည်သူ့ကျန်းမာရေးအကျပ်အတည်းပေါ် နိုင်ငံတကာက စိုးရိမ်ပူပန်မှုတွေ မြင့်တက်လာတာကြောင့် ဒေသဆိုင်ရာအာဏာပိုင်တွေက ရောဂါကူးစက်မှု အဖြစ်အများဆုံး ဒေသတွေဆီကို ဆေးဘက်ဆိုင်ရာအသင်းအဖွဲ့တွေ စေလွှတ်ပြီး ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ဟန့်တားရေး အစီအမံတွေကို စတင်လိုက်ပါတယ်။

အကူအညီပေးရေး အဖွဲ့အစည်းတွေအနေနဲ့ ဆေးဝါးထောက်ပံ့မှုတွေကနေ ကျွမ်းကျင်မှုရရှိတဲ့အထိ ကူညီပံ့ပိုးပေးရေးမှာ အရေးကြီးကြောင်း၊ ရောဂါတိုက်ဖျက်ရေးမှာ ပြီးဆုံးဖို့ ဝေးသေးကြောင်းနဲ့ လူ့အသက်သေဆုံးမှုတွေ ထပ်မံမြင့်တက်လာနိုင်ကြောင်း ပြည်သူ့ကျန်းမာရေးပညာရှင် ဟွာဝါဟာဆန်းက ပြောပါတယ်။

ရာသီဥတုပြောင်းလဲမှုဒဏ်နဲ့ပါ ရင်ဆိုင်နေရ

နိုင်ဂျီးရီးယားနိုင်ငံမှာ ဆုံဆို့နာရောဂါအပြင် ရာသီဥတုပြောင်းလဲမှုဒဏ်နဲ့ ကလေးငယ် သန်း ၁၀၀ လောက် ခံစားနေရပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံမှာ ထိခိုက်လွယ်တဲ့ ကလေးငယ် သန်း ၁၀၀ ခန့် ရာသီဥတုပြောင်းလဲမှုဒဏ်နဲ့ ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်) ရဲ့ မကြာသေးခင် ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အပူချိန်မြင့်တက်လာခြင်းရဲ့ ပြင်းထန်တဲ့ ဖြစ်ရပ်တွေကို ရင်ဆိုင်နေကြ

ကလေးငယ်တွေ ရာသီဥတုပြောင်းလဲမှုဒဏ်ခံရမှုနဲ့ ပတ်သက်ပြီး နိုင်ဂျီးရီးယားနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဒုတိယမြောက် အထိခိုက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ကလေးငယ် သန်း ၁၀၀ ခန့်မှာ အပူချိန်မြင့်တက်လာခြင်းရဲ့ ပြင်းထန်တဲ့ ဖြစ်ရပ်တွေကို ရင်ဆိုင်နေကြရကြောင်း နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာနိုပြည်နယ်ရှိ ယူနီဆက်ဖ်ဆိုင်ရာ ကွင်းဆင်းအရာရှိဖြစ်သူ ဖာရာမာမွတ်က နိုဝင်ဘာ ၂၀ ရက်မှာ မီဒီယာကို ပြောကြားထားပါတယ်။

ဒါ့အပြင် ယူနီဆက်ဖ်ရဲ့ တရားဝင်ထုတ်ပြန်ချက်မှာ ကမ္ဘာတစ်ဝန်း ရာသီဥတုအကျပ်အတည်းရဲ့ သက်ရောက်မှုတွေကို အလွန်အမင်းအန္တရာယ်မြင့်မားမှုနဲ့ ကလေးငယ် တစ်ဘီလီယံခန့် ရင်ဆိုင်နေကြရကြောင်းလည်း ဖော်ပြထားပါတယ်။ နိုင်ဂျီးရီးယားကလေးငယ်တွေဟာ ရာသီဥတုပြောင်းလဲမှုဒဏ်အပြင် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုနဲ့ ပြင်းထန်တဲ့ မုန်တိုင်းတွေနဲ့လည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း ၎င်းက ပြောသည်။ **ကိုးကား – ဆင်ဟွာ**

ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် (၉၀)နှစ်၊ သိက္ခာ(၇၀)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၀၇:၀၈) နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၄၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ယှဉ်ပြိုင် ပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က စေတီတော်ရင်ပြင်တော် စနေထောင့်ရှိ ဗဟိုမင်္ဂလာမဏ္ဍပ်ရှေ့၌ ကျင်းပရာ သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် စေတီတော်ဂေါပကအဖွဲ့တာဝန်ရှိသူများက မင်္ဂလာဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တင်ကြည်(သဃ်န်းကျွန်း)

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပ နိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၅၈၀၊ အမျိုးသမီး ၆၈ ဦး စုစုပေါင်း ၆၄၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ယနေ့အထိ တရုတ်နိုင်ငံသား အမျိုးသား ၇၈၄၆ ဦး၊ အမျိုးသမီး ၇၉၅ ဦး စုစုပေါင်း ၈၆၄၁ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ **(ဝဲပုံ)**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အာဆင်နယ်တို့ ဘရန့်ဖို့ဒ်ကို အနိုင်ရပြီး အမှတ်ပေးဇယားဦးဆောင် မန်ယူတို့ အဝေးကွင်း၌ အဲဗာတန်ကို ဂိုးပြတ်အနိုင်ရ

နိုဝင်ဘာ ၂၆ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၁၃) မှ ဘရန့်ဖို့ဒ်နှင့် အာဆင်နယ်အသင်း ပွဲစဉ်တွင် အာဆင်နယ်အသင်းက လူစားဝင် ကစားသမား ဟာဗက်ဇ်၏ နောက်ကျသွင်းဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဘရန့်ဖို့ဒ်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၁၇၀၀၀ ကျော် လာရောက် ကြည့်ရှုခဲ့သည်။ ပွဲချိန် ၄၂ မိနစ်တွင် အာဆင်နယ်အသင်းမှထရိုဆတ် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

အာဆင်နယ် အသင်းသည် ပွဲချိန် ၇၉ မိနစ်တွင် ကစားအားကျလာသည့် မာတင်နယ်လီ၏ နေရာကို ဟာဗက်ဇ်ဖြင့် အစားထိုးခဲ့သည်။ ထို့နောက်တွင် အာဆင်နယ်အသင်း၏ တိုက်စစ်စွမ်းဆောင်မှု ထက်မြက်လာခဲ့ပြီး သွင်းဂိုးရယူနိုင်ခဲ့သည်။

ပွဲချိန် ၈၉ မိနစ်တွင် လူစားဝင် ကစားသမား ဟာဗက်ဇ်က ဆာကာ၏ ဖန်တီးမှုကို အဆုံးသတ်သွင်းယူခဲ့သည်။ ၎င်းသည် ချယ်ဆီးအသင်းမှ ပေါင် ၆၅ သန်းဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိပြီးနောက်ပိုင်း တစ်ဂိုးသွင်းပြီး တစ်ဂိုးသာ ဖန်တီးနိုင်ခဲ့သည့်အတွက် ဖိအားများနှင့် ရင်ဆိုင်နေရသူလည်း ဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခုနိုင်ပွဲကြောင့် မန်စီးတီးနှင့် လီဗာပူးအသင်း သရေကျမှုကို အခွင့်ကောင်း ယူနိုင်ခဲ့ပြီး ရမှတ် ၃၀ နှင့်အတူ တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်သည်။ ထို့အပြင် ယခုပွဲစဉ်မှာ နည်းပြ အာတီတာအတွက် အသင်းကို တာဝန်ယူကိုင်တွယ်မှု ပွဲ ၂၀၀ ပြည့်မြောက်သည့် ပွဲစဉ်လည်း ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်သည့် စပါးနှင့် ဗီလာတို့ပွဲတွင် ဗီလာက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရသည်။ အဝေးကွင်း၌ သွားရောက်ကစားသည့် မန်ယူက အဲဗာတန်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအတွက် ဂါနာချိုရက်ဖို့ဒ်နှင့် မာရှယ်တို့က သွင်းယူပေးသည်။ **အောင်ဇော်**

နိုင်ငံတော်ဩဝါဒါစရိယပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဘဒ္ဒန္တဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာ ခမည်းတော် ဦးအေးမောင် + မယ်တော် ဒေါ်ကျန်ယုံတို့မှ ၁၂၉၆ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့တွင် တောင်ဘွေရွာ သိမ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရာ ဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့တွင် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာ နော်မန်ကျောင်း ဥဒကုက္ခေပရေသိမ်၌ သိမ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဂျင်းရဲကျွန်းရွာနေ ဒေါ်မိုးအား အမှူးထား၍ ခမည်းတော် ဦးအေးမောင် + မယ်တော် ဒေါ်ကျန်ယုံ၊ ဦးတင်+ဒေါ်အေးသီ၊ ဦးဖိုးအေး+ဒေါ်ပန်းမှုံတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပန်းတောင်းမြို့နယ် မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏုတ္တရာဘိဝံသ၊ ပြည်မြို့ ထားဝယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစက္ကဝရ၊ ရန်ကုန်မြို့၊ ရွှေတောင်မြို့၊ စစ်တွေမြို့ အမ္ဗာရာမ ဝိပဿနာကျောင်းတိုက်ဆရာတော်များ၊ ညောင်တုန်းမြို့၊ ရွှေဟသ်ာတောရပါဠိတက္ကသိုလ်၊ စတုတ္ထစံကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလနှင့် စာချဆရာတော်များ၊ စစ်ကိုင်းမြို့ ရွှေဟသ်ာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသ၊ ရန်ကုန်မြို့ အလယ်တောရပါဠိတက္ကသိုလ်ကျောင်းတိုက် ဘဒ္ဒန္တသူရိယာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဘဒ္ဒန္တပုညာ နန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝဇီရဗုဒ္ဓိနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် စာချဆရာတော်များ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၉ ခုနှစ်တွင် သာသနပါလ ဓမ္မာစရိယဘွဲ့၊ ၁၃၂၀ ပြည့်နှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပန်းတောင်းမြို့ မင်းရပ်ရပ်ကွက် သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက်၌ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋ္ဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၆၁–ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါအရ ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ (၂၆–၁၁–၂၀၂၃)၊ တနင်္ဂနွေနေ့၊ နံနက်(၀၇:၀၈) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

သန့်ရှင်းကျန်းမာ ဘေးရန်ကင်းကွာ အစားအစာ

ဒေါက်တာလဲ့လဲ့မိုး (စားသုံးသူရေးရာဦးစီးဌာန)

ကမ္ဘာ့နိုင်ငံတိုင်းတွင် အချဉ်ဖောက်ထားသော အစားအစာများနှင့် အဖျော်ယမကာများသည် လူ့အသိုက်အဝန်းတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အချဉ်ဖောက်ထားသော အစားအစာများသည် ရာစုနှစ်များစွာ ကတည်းကပင် မြန်မာ့ဟင်းလျာ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး ယခုအချိန်တွင်လည်း စားသုံးမှုများသော အစားအစာဖြစ်ပါသည်။ အမျိုးအစားအနေဖြင့် အချဉ်ဖောက်ထားသော အစားအစာများတွင် ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်း၊ အသားနှင့်ငါးတို့ပါဝင်ပြီး အချဉ်ဖောက်ထားသော အဖျော်ယမကာများတွင် အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာနှင့် အယ်လ်ကိုဟော မပါဝင်သော အဖျော်ယမကာဟူ၍ ထပ်မံခွဲခြားနိုင်ပါသည်။

အချဉ်ဖောက်ထားသော အစားအစာများ

အချဉ်ဖောက်ထားသော အစားအစာနှင့် အဖျော်ယမကာ အမျိုးမျိုးကို ပင်လယ်ရပ်ခြား ကုန်သွယ်မှုများမှတစ်ဆင့်လည်းကောင်း၊ ခေတ်ရေစီးကြောင်းအရ အစားအစာယဉ်ကျေးမှု ဖလှယ်ခြင်းဖြင့်လည်းကောင်း ကမ္ဘာ့ဈေးကွက်အတော်များများတွင် ရရှိနိုင်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းထုတ်အချဉ်ဖောက်ထားသော အစားအစာများကို ဈေးကွက်တွင် ရရှိနိုင်သကဲ့သို့ ပြည်ပမှ တင်သွင်းသော ထုတ်ကုန်အရည်အသွေးဦးစားပေးသည့် အရသာအမျိုးမျိုး၊ ထုပ်ပိုးမှုပုံစံ အမျိုးမျိုးရှိသည့် အချဉ်ဖောက်ထားသော အစားအစာများကို စူပါမားကတ်၊ ကုန်တိုက်များတွင် ရရှိနိုင်ပါသည်။ ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံများအနက် တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် အချဉ်ဖောက်ထားသော အစားအစာနှင့် အဖျော်ယမကာ ထိပ်တန်းတင်ပို့သော နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သည့် အချဉ်ဖောက်ထားသောအစားအစာများကို ကမ္ဘာ့အဆင့်မီစီးပွားဖြစ် ထုတ်လုပ်တင်ပို့မှုမှာ ကိန်းဂဏန်းအချက်အလက်များအရ တွင်ကျယ်မှု မရှိသေးပါ။

ကြာရှည်အထားခံစေသော နည်းလမ်း

ကစော်ဖောက်ခြင်း (သို့မဟုတ်) အချဉ်ဖောက်ခြင်း (Fermentation)တွင် ပရိုဘိုင်အိုတစ်များ၊ အကျိုးပြုဗက်တီးရီးယားများ ဥပမာအားဖြင့် လက်တိုဘက်စလက်စ် (Lactobacillus) သည် အချဉ်ဖောက်မည့် အစားအစာရှိ ကစီဓာတ်နှင့် သကြားဓာတ်များကို စားသုံးပြီး အယ်လ်ကိုဟော (Alcohol) နှင့် လက်တစ်အက်စစ်ဓာတ် (Lactic Acid) အဖြစ် ပြောင်းလဲပေးခြင်းဖြင့် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေပါသည်။ ဤလက်တစ်အက်စစ်သည် သဘာဝအတိုင်း တာရှည်ခံပစ္စည်းအဖြစ် အချဉ်ဖောက်ထားသော အစားအစာများကို တာရှည်အထားခံစေပါသည်။ အချဉ်ဖောက်ခြင်းသည် အစားအစာများကို အလေအလွင့်မရှိစေဘဲ ပိုလျှံအစားအစာစွန့်ပစ်မှုအပြင် အစားအစာလေလွင့်ဆုံးရှုံးမှုလျှော့ချရန်နှင့် ကြာရှည်အထားခံစေသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ကာလအတန်ကြာကပင် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို စဉ့်အိုးကြီးများတွင် ထည့်သွင်းကာ ဝမ်းစာအဖြစ် နှစ်ပတ်လည်ထား စားသုံးခဲ့ကြပါသည်။

ကျန်းမာရေးအန္တရာယ်များ

အချဉ်ဖောက်ထားသော အစားအစာများသည် လူတို့၏ အစာခြေစနစ်နှင့် အူလမ်းကြောင်းကျန်းမာစေရန်ကူညီပေးသည့် အကျိုးပြုဗက်တီးရီးယားများဖြစ်သည့် ပရိုဘိုင်ရောတစ် (probiotic) ကြွယ်ဝသည်။ အစာခြေစနစ်ကောင်းမွန်စေ၍ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ကိုယ်အလေးချိန်လျှော့ချရန် ကူညီပေးနိုင်ကြောင်း သုတေသနပြုလေ့လာမှုများအရ သိရှိရပါသည်။ သို့ရာတွင် အချဉ်ဖောက်စဉ်တွင် သန့်ရှင်းမှုအားနည်းပါက အစားအစာညစ်ညမ်းမှု (Food Contamination) ဖြစ်နိုင်ပြီး စားသုံးသူအား အဆိပ်အတောက်ဖြစ်စေ၍ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရနိုင်ပြီး ပြင်းထန်ပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်သည်အထိ ဖြစ်နိုင်ပါသည်။

အချဉ်ဖောက်ထားသော အစားအစာများသည် ယေဘုယျအားဖြင့် လူတို့စားသုံးရန် သင့်လျော်သော်လည်း အဆိပ်နှင့်ဆက်စပ်သော ကျန်းမာရေးအန္တရာယ်များ လုံးဝကင်းရှင်းခြင်းမရှိပါ။ အစားအစာညစ်ညမ်းမှုကြောင့်ဖြစ်သော ရောဂါ (Food-borneillness) ဖြစ်ပွားစေသော ဗက်တီးရီးယားများဖြစ်သည့် Enterococcus, E.coli, Salmon-ella, Staphylococcus and Listeria strains အစရှိသည့် ဗက်တီးရီးယားများကြောင့် အချဉ်ဖောက်ထားသော အစားအစာများတွင် အဆိပ်အတောက်အန္တရာယ်ဖြစ်စေပါသည်။ ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ကပ်ပါးပိုးများသည် အစားအသောက်မှတစ်ဆင့် ဇီဝဆိုင်ရာအန္တရာယ်များ (Bioligical Hazards) ဖြစ်စေပါသည်။ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရူပဆိုင်ရာအန္တရာယ်များ (Physical Hazards)၊ ဓာတုဆိုင်ရာအန္တရာယ်များ (Chemical Hazards) နှင့် ဓာတ်မတည့်မှုဆိုင်ရာ အန္တရာယ်များ (Allergenic Hazards) ကို အစားအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချစဉ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နည်းပညာလိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပါသည်။

❖ **အချဉ်ဖောက်ထားသော အစားအစာများသည် လူတို့၏ အစာခြေစနစ်နှင့် အူလမ်းကြောင်း ကျန်းမာစေရန် ကူညီပေးသည့် အကျိုးပြုဗက်တီးရီးယားများ ဖြစ်သည့် ပရိုဘိုင်ရောတစ် (probiotic) ကြွယ်ဝသည်။ အစာခြေစနစ် ကောင်းမွန်စေ၍ ကိုယ်ခံအား စနစ်ကို မြှင့်တင်ပေးပြီး ကိုယ်အလေးချိန်လျှော့ချရန် ကူညီပေးနိုင်ကြောင်း သုတေသနပြုလေ့လာမှုများအရ သိရှိရပါသည်။ သို့ရာတွင် အချဉ်ဖောက်စဉ်တွင် သန့်ရှင်းမှုအားနည်းပါက အစားအစာညစ်ညမ်းမှု (Food Contamination) ဖြစ်နိုင်ပြီး စားသုံးသူအား အဆိပ်အတောက် ဖြစ်စေ၍ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရနိုင်ပြီး ပြင်းထန်ပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်သည်အထိ ဖြစ်နိုင်ပါသည်**

ကျင့်စဉ်ကောင်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူး

စားသောက်ကုန်များသည် လူတို့အတွက် နေ့စဉ်မရှိမဖြစ် လိုအပ်ချက်ဖြစ်ရာ စားသုံးသည့် အစားအသောက်များတွင် အာဟာရများ (Nutrients) ပါဝင်၍ အဆိပ်အတောက်ကင်းရှင်းမှသာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ သို့ပါ၍ အစားအစာထုတ်လုပ်သူများသည် ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်ကုန်များ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရှင်များက ထောက်ခံအကြံပြုထားသော ကျင့်စဉ်ကောင်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဆိုပါက ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချရသော စားသောက်ကုန်များ ရရှိနိုင်မည်ဖြစ်ပါသည်။

အစားအစာအရည်အသွေးနှင့် ထုတ်ကုန်ဘေးကင်းလုံခြုံရေး (Food Quality and Safety) ဟု ကြွေးကြော်နေသော မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများတွင် အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ စသည့်အစားအစာအမျိုးမျိုးကို အချဉ်တည်ခြင်း (သို့မဟုတ်) အချဉ်ဖောက်ခြင်းတို့တွင် ရိုးရာဓလေ့နည်းသာမက နည်းပညာလိုအပ်ချက်နှင့်အညီ ခေတ်မီထုပ်ပိုးမှု မျိုးစုံဖြင့် ပေါင်းစပ်ပြုပြင်၍ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ထုတ်ကုန်ဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့ အစည်းများမှ ထုတ်ပြန်ထားသော စားသောက်ကုန်တွင် လိုက်နာရမည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်လာကြပါသည်။ ယင်းတို့ကို ပြည်ပမှတင်သွင်းသည့် ထုတ်ကုန်များတွင် ဖော်ပြပါရှိသော ကုန်အညွှန်းအမှတ်တံဆိပ် (Labelling) နှင့် အရည်အသွေးဆိုင်ရာ ထောက်ခံချက် (Quality Assurance) အမှတ်တံဆိပ်များကို ထုပ်ပိုးမှုများတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတစ်နိုင်ငံ၏ ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အငယ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အရေးပါသည့်အတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခုအဖြစ် ကုန်ကြမ်းမှသည် ကုန်ချောဆီသို့ တန်ဖိုးမြှင့်ထုတ်ကုန်အထိထုတ်လုပ်၍ ဈေးကွက်အရောက် တင်ပို့ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။

ရိုးရာအစားအစာများ အရည်အသွေးပြည့်ဝရေး

မြန်မာနိုင်ငံ၏ မြို့တိုင်း၊ ဒေသတိုင်းတွင် ဒေသအလိုက် ရိုးရာယဉ်ကျေးမှုများရှိပါသည်။ စားသောက်ဖွယ်ရာ အသီးသီးသည် ဒေသ၏ ရိုးရာယဉ်ကျေးမှုကိုသာမက ယင်းဒေသ၏ သမိုင်းကိုပါ ထင်ဟပ်စေသည့် သာဓကများစွာရှိပါသည်။ ဥပမာအားဖြင့် ပျဉ်းမနားမျှစ်ချဉ်၊ ပုဂံပုန်းရည်ကြီး၊ ပဲခူးငါးချဉ်စသည်ဖြင့် အထင်ကရရှိကြပါသည်။ ထို့ကြောင့် ဒေသတွင်းထုတ်ကုန်လုပ်ငန်းများမှ အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ စသည့်အစားအစာအမျိုးမျိုးကို အချဉ်တည်ခြင်း (သို့မဟုတ်) အချဉ်ဖောက်ခြင်းနည်းများဖြင့်ရရှိလာသည့် အသားချဉ်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ဟင်းသီးဟင်းရွက်ချဉ်ဖတ်များ၊ မျှစ်ချဉ်၊ မုန်ညင်းချဉ်၊ အသီးဆားရည်စိမ်များ၊ ပဲပိစပ်များ၊ နှမ်းဖတ်ချဉ်၊ မြေပဲချဉ်ဖတ်၊ ပုန်းရည်ကြီး၊ လက်ဖက်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အရက်၊ ဘီယာနှင့် အဖျော်ယမကာများ အစရှိသည့် အချဉ်ဖောက်ထားသော စားသောက်ဖွယ်ရာများကို ထုတ်လုပ်လျက်ရှိပါသည်။ ယင်းတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေး၍ အာမခံချက်ရှိသော အစားအစာဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် အရည်အသွေးပြည့်ဝရေး (Food Safety and Quality)ကို အလေးထားထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုပုံစံသည်လည်း သန့်ရှင်းသေသပ်လှပ၍ စားချင်စဖွယ်ဆွဲဆောင်မှုရှိရန် လိုအပ်ပါသည်။ သို့မှသာ ထုတ်ကုန်အမျိုးအစားတူညီမှုရှိပါက ယုံကြည်စိတ်ချရသည့် ထုတ်ကုန်သည် ဈေးကွက်ဝင်၍ မျက်နှာပန်းလှမည်ဖြစ်ပြီး ယှဉ်ပြိုင်အနိုင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ယခုအခါ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ပြည်တွင်းထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရန် ကြိုးစားနေခြင်းဖြစ်ရာ ပထဝီဝင်တည်နေရာအရ တရုတ်နှင့် အိန္ဒိယစသည့် နိုင်ငံကြီးများနှင့် အလွန်နီးစပ်သောကြောင့် ကြီးမားသော စားသုံးသူဈေးကွက်သို့ ထုတ်ကုန်များကို တင်ပို့နိုင်သည့် အခွင့်အလမ်းများစွာရှိနေခြင်းကြောင့် ဈေးကွက်လိုအပ်ချက်များအပြင် စားသုံးသူများ၏ မျှော်လင့်ချက်များနှင့် ကိုက်ညီသည့် အချဉ်ဖောက်ထားသော အစားအသောက်ထုတ်ကုန်များ ထုတ်လုပ်လာစေရန် ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။ ။

ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ဓာတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်း ဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော မျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အမျိုးသား / အမျိုးသမီး သက်တမ်းအလိုက် ရေကူးပြိုင်ပွဲများဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အမျိုးသား/ အမျိုးသမီးသက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးသက်တမ်းအလိုက် မီတာ(၂၀၀)တစ်ဦးချင်း လေးမျိုးကူး၊ အလွတ်ကူးပြိုင်ပွဲများ၊ မီတာ(၁၀၀) အလွတ်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးပြိုင်ပွဲများ၊ မီတာ(၅၀) ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး၊ ပက်လက်ကူးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင် **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအမျိုးသား/အမျိုးသမီး ရေကူးပြိုင်ပွဲများကို နိုဝင်ဘာ၂၅ ရက်နှင့် ၂၆ ရက်တွင် ပွဲစဉ်ပေါင်း ၇၈ ပွဲ ကျင်းပပြုလုပ်ကာ ကလပ်အသင်းများမှ ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**

Nikon ကင်မရာကုမ္ပဏီက ကြီးမှူးကျင်းပသည့် 2022-2023 Nikon Photo Contest ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မမီကိုလေးက General Public Award ဆုရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က မန္တလေးမြို့ ရတနာပုံဈေးရှိ အထက်မြန်မာပြည်ဓာတ်ပုံအသင်းတိုက်၌ ကျင်းပရာ Nikon Myanmar မှ ဦးစိုးလှိုင်က ဆုရရှိသူ မမီကိုလေးအား ဆုချီးမြှင့်စဉ်။ အောင်ကျော်ထွန်း(ပုသိမ်ကြီး)

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားလွှာ

၁။ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Online စနစ် အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင် များအားလုံး Online မှ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက်	-	၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက် (စနေနေ့)
ကျင်းပမည့်အချိန်	-	(၁၀:၀၀) နာရီ
ကျင်းပမည့်ပုံစံ	-	Online Zoom Meeting

၂။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာနှင့်အတူ အစည်းအဝေးတက်ရောက်ရန် အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) အတွက် လုပ်ဆောင်ရမည့် နည်းလမ်းပုံစံတို့ကို စာတိုက်မှ တစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ပြင်ပ စာရင်းစစ်အစီရင်ခံစာ နှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်း တို့ကို MICTDC ၏ Website ဖြစ်သော www.mictdc.com.mm သို့မဟုတ် MICTDC ၏ Facebook Page (MICT Park, Yangon) တို့တွင် အစုရှယ်ယာရှင်များမှ Download လုပ်၍ ရယူနိုင်ပါသည်။ အစုရှယ်ယာရှင်များ၏ Email သို့မဟုတ် Viber သို့လည်း ပေးပို့ရန် တောင်းဆိုနိုင်ပါသည်။

၃။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် ၁၆-၁၂-၂၀၂၃ ရက်နေ့ မှ ၂၁-၁၂-၂၀၂၃ ရက်နေ့အတွင်း အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) ကို MICTDC Website (www.mictdc.com.mm) တွင်ရှိသော https://mictdc.meet4u.online link မှတဆင့် ပြုလုပ်ရမည်ဖြစ်ပါသည်။ MICTDC အစုရှယ်ယာရှင်များ၏ မိုဘိုင်းလ်ဖုန်းသို့လည်း Online Registration ပြုလုပ်ရမည့် Link အား SMS ဖြင့် ပေးပို့မည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၀၂၊ ၀၉-၈၈၀၀၈၇၇၀၃ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း၊ အစုရှယ်ယာ မှတ်ပုံတင် လက်မှတ်မူရင်းတို့ကို ရှေ့၊ နောက် ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းလ်ဖုန်း နံပါတ်တစ်ခုဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်း ပေး သွင်းရန် အကူအညီတောင်းခံနိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ Online ဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ထားသော မိုဘိုင်းလ်ဖုန်းနံပါတ်တစ်ခုသို့သာ Zoom Meeting အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link နှင့် Password အား SMS ဖြင့် ပေးပို့မည်ဖြစ်ပါသည်။

၅။ အကြံပြုချက်နှင့် ဖြေကြားပေးစေလိုသည့် မေးခွန်းများကို ၁၅-၁၂-၂၀၂၃ ရက်နေ့၊ ညနေ (၁၄:၀၀) နာရီ နောက်ဆုံးထား၍ MICTDC ၏ အီးမေးလ်: office@mictdc.com.mm, mictdcoffice@gmail.com (သို့မဟုတ်) ကုမ္ပဏီ ရုံးခန်းလိပ်စာသို့ စာဖြင့်အချိန်မှီ ပေးပို့နိုင်ပါသည်။

၆။ အစုရှယ်ယာလက်မှတ်အသစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်းစသည့် အစုရှယ်ယာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှ ၂၃-၁၂-၂၀၂၃ ရက်နေ့အထိ ခေတ္တရပ်နားထားမည် ဖြစ်ပါသည်။

၇။ Online Registration၊ အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများရယူခြင်း နှင့် အစည်းအဝေးတက် ရောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၀၂၊ ၀၉-၈၈၀၀၈၇၇၀၃ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး
ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/1247 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုလှိုင် ၉/တကန(နိုင်)၀၆၉၂၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/6990,New Zhineng -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၇/ပမန(နိုင်)၁၃၉၀၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)
ပြည်မြို့**

◆ *ကျောဖုံးမှ*

ခင်ချယ်ရီသက်သည် ယခုနှစ်အတွင်း ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိပြီးနောက် ကမ္ဘာ့ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆု ထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ခင်ချယ်ရီသက်သည် ကွာတားဖိုင်နယ်တွင် တူနီးရှား၊ ဆီမီးဖိုင်နယ်တွင် ထိုင်း၊ ဖိုင်လ်လုပွဲတွင် ဗီယက်နမ်တို့ကို အနိုင်ယူခဲ့သည်။ ခင်ချယ်ရီသက်သည် ၂၀၁၉ ကမ္ဘာ့ချန်ပီယံရှစ်ပီတန်းပြိုင်ပွဲတွင် တတိယရပြီးနောက် ယခုနှစ်တွင် ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ခင်ချယ်ရီသက်သည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်တွင် ကျင်းပသည့် (၃၁) ကြိမ်နှင့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-MPF**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ ဦးပိုင်အမှတ်-၄၀၊ ဧရိယာ(၀ ဒသမ ၁၇၄)ဧက၊ ဂရန်မြေအမျိုးအစား၊ လူနေရပ်ကွက်မှာ အမှတ်-၁၄၊ လုပ်သားလမ်း၊ (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နှင့် ပတ်သက်၍ အများသိစေရန်

၁။ အထက်ခေါင်းစီးပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများမှာ ကျွန်ုပ်နှင့်မောင်နှမများမှ အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိထားစီမံခန့်ခွဲနေသော မြေနှင့် အဆောက်အအုံများဖြစ်ပြီး၊ ယင်းမြေကွက်ပေါ်တွင် ကျွန်ုပ်တို့၏အဒေါ် ရင်းဖြစ်သူ ဒေါ်ခင်ဝင်း(ခ)ဒေါ်ခင်ခင်ဝင်းအမည်ဖြင့်ဆောက်လုပ်ခွင့်ရရှိထားသော (၇) ခန်းတွဲ တန်းလျားပေါ်တွင် အိမ်ငှားဖြစ်သူ (၁) ဒေါ်ဟယ်သာထွန်း(ကွယ်လွန်) ၏သားသမီးများဖြစ်သည့်ဦးလှမောင်(ခ) ဘာဘာ၊ ဒေါ်တူးတူးနှင့် ဒေါ်ညိုညိုသိန်း (ခ)ဒူဒူး၊ (၂)ဦးဝင်းစိန်(ခ)ဦးဘာဘူမိသားစု၊ (၃)ဦးငြိမ်းမောင်(ခ)ဦးမဲတူ မိသားစုနှင့် ကျွန်ုပ်က အခမဲ့နေထိုင်ခွင့်ပြုထားသူ (၄)တူဝမ်းကွဲ ဦးထွန်းအောင်ကျော်(ခ) မွတ် တား တို့နေထိုင်လျက်ရှိပါသည်။ ယင်းမြေကွက်၏ ရှေ့ဘက်အစွန်နှစ်ဖက် တွင် ကျွန်ုပ်တို့မှ လက်ရှိငှားရမ်းထားသော ကိုလှဝင်းပရိဘောဂဆိုင်နှင့် ကိုကျော်လင်း ဖြိုး၏ ကွမ်းယာဆိုင် တို့လည်းရှိပါသည်။

၂။ ထို့ပြင် ယင်းမြေကွက်ပေါ်ရှိ ကျွန်ုပ်၏ ဖခင်ဆောက်လုပ်ထားသော (၃)ပင် (၂) ခန်း၊ ခနီးမိုး၊ ထရံကာညှော်ခန်းဆောင်နှင့် နေအိမ်တွင် ခွင့်ပြုချက်ဖြင့် အခမဲ့နေသူ ဦးအေး - ဒေါ်တင်ထွေးတို့၏သမီးကြီး၊ ဒေါ်ချိုမှ မွေးသောမြေးဖြစ်သူ ဒေါ်မျိုး မျိုးထွေး(ခ)မမြင့်သန္တာအား သဃ်န်းကျွန်းခရိုင်တရားရုံးတော်တွင် ကျွန်ုပ်မိခင် ဒေါ်ခင်ရီနှင့် ကျွန်ုပ်တို့မောင်နှမများက တရားမကြီးမှုအမှတ် ၂၁၉/၂၀၂၂ဖြင့် တရားစွဲဆို ထားပါသည်။

၃။ သို့ဖြစ်ပါ၍ အမှုအခင်းဖြစ်နေသော အထက်ခေါင်းစီးပါ ကျွန်ုပ်တို့ ပိုင်မြေကွက်အား မြေပေါ်တွင် နေထိုင်သူများက ရောင်း/ပေါင်/ငှား/ပေးကမ်း/လဲလှယ်ခြင်း အစရှိသော တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းသည် တည်ဆဲဥပဒေများအရ တရားမဝင်ပါကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သက်ဆိုင်ရာဌာနများသို့လည်း ကန့်ကွက်စာများပေးပို့ထားရှိပြီးဖြစ်၍ ရောင်းမှား /ဝယ်မှားမဖြစ်စေရန်အများသိစေရန် စေတနာကောင်းဖြင့် အများပြည်သူ သိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်လှမိုးသူ [B.Sc(Phys)(Credit)(Q-1). PGDL,LL.B,LL.M(Sem-3)]
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၄၇)
E-mail-hlamoethu.lawyer@gmail.com;Ph-959-264992276, 959-97272739699(Online)
ခြံအမှတ်(၅)၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ➢ မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ➢ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်
လေလံကြော်ငြာအမှတ် ၁/၂၀၂၃-၂၀၂၄
ပုံစံ(၈)ဝင် သစ်/ခွဲသား၊ (၃ပေအောက်)တိုင်၊ကျွန်းပင်ကျပ်တိုင်၊ ထင်းရှူး၊ မီးသွေး၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများအားဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာခြင်း

သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်း အောက်ဖော်ပြပါ ဖမ်းဆီးရမိပုံစံ (၈)ဝင် ကျွန်း/သစ်မာအုပ်စု(၁)သစ်မာခွဲသား (၁၁၇.၅၈၈၆)တန်/၃ပေအောက်တိုင်(၂၄)လုံး၊ သစ်မာအုပ်စု (၂၊ ၃၊ ၄၊ ၅)သစ်လုံး (၁.၁၈၉၄)တန်/ခွဲသား(၃၀.၉၅၅၆)တန်/၃ပေအောက်တိုင်(၇၇)လုံး၊ ကျွန်းပင်ကျပ် တိုင်(၄၄၆)လုံး၊ ထင်းရှူး(၁၈၉၄)ပိဿာ၊ မီးသွေး(၃.၇၃)တန်၊ သစ်စက်အင်ဂျင်(၅)လုံးနှင့် ဆက်စပ်ပစ္စည်းများကို (၁၂-၁၂-၂၀၂၃)ရက် နံနက် ၁၀နာရီတွင် ပခုက္ကူခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးခန်း၌ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပခုက္ကူခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် (၁-၁၂-၂၀၂၃)ရက်မှ (၈-၁၂-၂၀၂၃)ရက် အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်း ချမည့် အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၂-၂၁၅၂၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ခရိုင်လေလံတင်ရောင်းချရေးကော်မတီ၊ ပခုက္ကူခရိုင်

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ အိုးလုပ်ရပ်၊ ဦးဇေယျလမ်း၊ အမှတ်(၅၅)နေ ဦးကြည်ဝင်း ၈/မမန(နိုင်) ၁၂၁၁၉၄၊ ဒေါ်မေမေအေး ၆/လလန(နိုင်) ၀၂၇၈၈၈တို့၏သမီး မယုဇနဝင်းပြည့်စုံဦး ၆/ထဝန(နိုင်) ၁၂၁၇၇၄ သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာ ခံဘဲ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်ဆက်နွယ်နေသည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကြည်ဝင်း၊ ဒေါ်မေမေအေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(စိတ္တာသုခတိုးချဲ့)၊ ဦးပိုင် (၅၅+၅၆+၈၉+၉၀)၊ ရေိယာ(၀ဒသမ၂၇၆)ကေရှိ အမှတ်ခွဲအမှတ် ၀၀၇-၅/၂၀၂၀-၂၁ အရဦးသိန်းလွင် အမည်ပေါက်ပြီး ၎င်းကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်နန်းအေးခင်မှ စာချုပ်အမှတ်(၂၄၇IV/၂၀၂၂)ဖြင့်အမွေဆက်ခံပြီး၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုင်းစိုးစိုးထံမှ ဦးပိုင် (၅၅)၊ ရေိယာ(၀ဒသမ၀၆၉)ကေအား ဒေါ်ရှောက်ကျွမ်းမှ စာချုပ်အမှတ်(၄၀၂I/၂၀၂၂)ဖြင့် ဝယ်ယူပြီး ၎င်းထံမှ ဦးလီကျွန်ရှန် ၁၃/လရန(နိုင်) ၂၂၆၉၀၅က စာချုပ်အမှတ်(၁၄၂I/၂၀၂၃)ဖြင့် လည်းကောင်း၊ ဦးပိုင်(၅၆)၊ ဦးပိုင်(၈၉)၊ ရေိယာ(၀ဒသမ၀၆၉)ကေစီအား ဦးအားရှင် ၁၃/တယန (နိုင်) ၀၉၉၈၆၈မှ စာချုပ်အမှတ် (၃၂၀I/၂၀၂၂)(၃၂၁I/၂၀၂၂)ဖြင့် လည်းကောင်း၊ ဦးပိုင် (၉၀)၊ ရေိယာ(၀ဒသမ၀၆၉)ကေအား ဒေါ်တိန်းကျူးရှုံး ၁၃/လရန(နိုင်)၁၉၁၁၆၆ မှ စာချုပ်အမှတ် (၃၀၂I/၂၀၂၂)ဖြင့်လည်းကောင်း ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ မြေငှားဂရန်ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိက ၁၅ ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(စိတ္တာသုခတိုးချဲ့)၊ ဦးပိုင် (၅၉+၆၀+၈၅+၈၆)၊ ရေိယာ(၀ဒသမ၂၇၆)ကေရှိ အမှတ်ခွဲအမှတ် ၂၂၄-၅/၂၀၁၅-၁၆ အရ ဒေါ်ခင်စန်းလွင် အမည်ပေါက်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုင်းစိုးစိုးထံမှ ဦးပိုင် (၅၉)၊ ဦးပိုင်(၈၆)၊ ရေိယာ(၀ဒသမ၀၆၉)ကေစီအား ဒေါ်ဆိုက် ချင် ၁၃/လရန(နိုင်) ၁၆၅၁၅၂မှ စာချုပ်အမှတ် (၅၀၄I/၂၀၂၂)၊ (၅၀၅I/၂၀၂၂)ဖြင့် လည်းကောင်း၊ ဦးပိုင်(၆၀)၊ ရေိယာ(၀ဒသမ၀၆၉)ကေအား ဦးရှင်ဟွေ ၁၃/လရန (နိုင်) ၁၉၁၂၂၇မှ စာချုပ်အမှတ် (၃၂၈I/၂၀၂၂)ဖြင့် လည်းကောင်း၊ ဦးပိုင် (၈၅)၊ ရေိယာ(၀ဒသမ၀၆၉)ကေ အား ဒေါ်ရှောက်အေး၊ LSO-၂၁၃၇၃၇မှ စာချုပ်အမှတ်(၁၉၁I/၂၀၂၂)ဖြင့်လည်းကောင်း ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်၍ မြေငှားဂရန်ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိက ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ဦးစီးဌာန လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(စိတ္တာသုခတိုးချဲ့)၊ဦးပိုင် (၆၁+၆၂+၈၃+၈၄)၊ ရေိယာ(၀ဒသမ၂၇၆)ကေရှိ အမှတ်ခွဲအမှတ် ၂၂၇-၅/၂၀၁၆-၁၇ အရ ဦးအောင်မျိုးလွင် အမည်ပေါက်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုင်းစိုးစိုးထံမှ ဦးပိုင်(၆၁)၊ ရေိယာ(၀ဒသမ၀၆၉)ကေအား ဦးမျိုးဇာနည် ၁၃/လရန(နိုင်) ၂၄၈၀၂၁ မှစာချုပ်အမှတ်(၃၂၇I/၂၀၂၂)ဖြင့် လည်းကောင်း၊ ဦးပိုင်(၆၂)၊ ရေိယာ(၀ဒသမ၀၆၉)ကေအား ဒေါ်ပန်းငုံဖူး၁၃/လရန(နိုင်)၂၂၈၈၂၁မှ စာချုပ်အမှတ် (၃၂၆I/၂၀၂၂)ဖြင့်လည်းကောင်း၊ ဦးပိုင်(၈၃)၊ ရေိယာ (၀ဒသမ၀၆၉)ကေ အား ဦးမောင်မောင်စိုး(ခ)အားဖာ ၁၃/လရန(နိုင်)၂၃၀၄၃၀မှ စာချုပ်အမှတ်(၄၇၆I/၂၀၂၂)ဖြင့်လည်းကောင်း ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ မြေငှားဂရန်ဦးပိုင် ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိက ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ဦးစီးဌာန လားရှိုးမြို့

ပြင်ဆင်မှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ ၁၄
မိုးညှင်းခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၃

၁။ ဒေါ်မြင့်ရီ နှင့် ၁။ ဒေါ်သန်းညွန့် ၂။ ဦးမြင့်ရွှေ
၂။ ဦးကျော်ဆွေ ၃။ ဦးတင်ငွေ ၄။ဒေါ်ခင်ပု(ခ)ဒေါ်ခင်ဝင်း
၅။ ဒေါ်အေးအေးခိုင် ၆။ ဦးစိုးမြင့်
၇။ ဒေါ်မအေး ၈။ ဒေါ်တင်ဦး
၉။ ဒေါ်တင်နွဲ့ ၁၀။ ဦးမြင့်အောင်
၁၁။ ဒေါ်ချစ်သိန်း ၁၂။ ဒေါ်ချစ်ကြည်
၁၃။ ဦးစိန်မြင့် ၁၄။ ဒေါ်ကြည်ခင်
၁၅။ ဒေါ်ရွှေ ၁၆။ ဒေါ်သောင်းမေ
၁၇။ ဦးမြင့်သိန်း ၁၈။ ဦးဖိုးစီ
၁၉။ ဦးအောင်တင်မြင့် ၂၀။ ဦးအောင်ရင်ဦး

ပြင်ဆင်မှုလျှောက်ထားသူများ ပြင်ဆင်မှုလျှောက်ထားခံရသူများ

၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ရက်နေ့စွဲပါ မိုးညှင်းမြို့နယ်တရားရုံးတော်မှ ဇာရီမှုအမှတ် ၁၀/၂၀၂၂၌ ချမှတ်သည့် အမိန့်ကို ပြင်ဆင်မှု။

ပြင်ဆင်မှုလျှောက်ထားခံရသူ စစ်ကိုင်းတိုင်းဒေသကြီး၊ဗန်းမောက်မြို့နယ်၊ ထိန်ချုံရွာနေ ဦးစိုးမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် မိုးညှင်းမြို့နယ် တရားရုံးတော်က ချပေးသည့်အမိန့်ကို လျှောက်ထားသူ ဒေါ်မြင့်ရီနှင့် ဦးကျော်ဆွေတို့က ပြင်ဆင်ပေးရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်(၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က ပြင်ဆင်နိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤပြင်ဆင်ရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်မင်းဦး)
ဒုတိယခရိုင်တရားသူကြီး
မိုးညှင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးဝင်းဇော်ထွန်း၏ သမီး မယုယုခင် ၁၂/လမန(နိုင်)၁၇၈၁၈၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် MF-585606 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၁၉၄၇၆၉

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့၊ ရွှေဘိုတက္ကသိုလ်၊ ရူပဗေဒအထူးပြု ဘာသာရပ်၊ ခုံအမှတ် ၄ရပ-၁၅ ဖြင့် အောင်မြင်ပြီးသူ မောင်အောင်ဖြိုးဝေ ၏ ဖခင်မှာ ဘွဲ့ထောက်ခံစာ(ယာယီ)၌ ဦးမောင်ဆန်းညွန့်ထွေး ဖြစ်သော်လည်း ဖခင် အမည်မှန်မှာ ပုံစံ-၆၆/၆ အရ ဦးဆန်းညွန့်ထွေး ၅/ခဥန(နိုင်) ၀၇၄၆၆၈ ဖြစ်ပါကြောင်း။

ဦးဆန်းညွန့်ထွေး

တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ ကျွန်ုပ်မ ဒေါ်နန်းစန်းစန်းချို ၃/ကဆက(နိုင်)၀၂၀၇၈၉ ၏ ဖခင်ဖြစ်သူ ဦးမန်းညွန့်မြိုင်(ခ)ဦးညွန့်မြိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန်းစန်းစန်းချို

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်နေ မဗျက်ချင်းဆုန်၏ မိခင် ဒေါ်ဆာအိယာန်း(ခ)ဒေါ်ဆာအီးယာန်း ၄/ဟခန(နိုင်)၀၀၆၂၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဆာအိယာန်း(ခ)
ဒေါ်ဆာအီးယာန်း

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/၁၈၊ ချင်းစု)၊ ဦးပိုင်အမှတ်(၅၄/ခ)၊ မြေဧရိယာ(၀ဒသမ၀၆၅)ကေရှိမြေသည် ဦးဝင်းရှိန် အမည်ဖြင့် RP No-84 of 1999 (30 Years)မြေငှားဂရန်သက်တမ်းမှာ (၁၄-၉-၁၉၉၉)မှ (၁၃-၉-၂၀၂၉)အထိ နှစ်(၃၀)မြေငှားဂရန် ရရှိထားခဲ့ပြီး ဂရန်အမည်ပေါက်သူ ဖခင်ဦးဝင်းရှိန်နှင့် မိခင်ဒေါ်တော်တို့သည် အသီးသီးကွယ်လွန်ခဲ့ကြ၍ အဆိုပါ ဂရန်မြေကွက်အား ကျန်ရှိခဲ့သော သားသမီးများနှင့်မြေးဖြစ်သူ (၇)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကာ လက်ရှိထားစီမံခန့်ခွဲအကျိုးခံစားနေသည်မှာ မှန်ကန်ပါကြောင်း (၁၀-၇-၂၀၂၃)ရက်တွင် စစ်ကိုင်းခရိုင်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့ကာ ယင်းနေ့၌ပင် ဦးအောင်ကိုမင်း (ဘ)ဦးစံသိန်း ၅/စကန(နိုင်) ၂၃၃၇၄၇ အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ (၂၄-၉-၂၀၂၃)ရက်တွင် ဒေါ်သန်းနုပါ(၇)ဦးတို့သည် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆို၍ အဆိုပါမြေငှားဂရန်အနက် ဦးပိုင်အမှတ်(၅၄/ခ-၁)၊ မြေဧရိယာ(၀ဒသမ ၀၄၁)ကေရှိမြေအား ဒေါ်သန်းနု ပါ(၇)ဦး (အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူမှ လက်မှတ်ရေးထိုးသည်)မှ ဒေါ်မြတ်သီရိမွန်သို့ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး စာချုပ်အားလုံးကို မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြတ်သီရိမွန် အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည် မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၇၄-၁၇၈တွင် ရုံးခန်းဖွင့်လှစ်ထား ရှိသော CLL Health Holdings Ltd ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၉၉၁၂/၂၀၂၃)

အထက်တွင် သေချာတိကျစွာဖော်ပြထားရှိသော လုပ်ငန်းအမှတ်တံဆိပ်သည် အပြာရောင်စက်ဝန်းအတွင်း၌ အဖြူရောင် ကြာပန်းအလား သဏ္ဌာန်ပုံနှင့်အတူ အောက်ဖက်တွင် အင်္ဂလိပ်အက္ခရာဖြင့် CLL HEALTH ဟူ၍ ရေးဆွဲဖော်ပြထားရှိသော လုပ်ငန်းအမှတ်တံဆိပ်ဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၉၉၁၂/၂၀၂၃) ဖြင့် လုပ်ငန်းအမှတ်တံဆိပ်အား မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်ကို အသုံးပြု၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျန်းမာရေးနှင့်ဆေးပညာဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံ/ဆေးခန်းများ ဖွင့်လှစ်ခြင်း၊ ဓာတ်မှန်/အာထရာဆောင်းနှင့်အတူ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နိုင်သည့် ဓာတ်ခွဲခန်းများဖွင့်လှစ်ခြင်း၊ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများအတွက် အရောင်းဆိုင်များဖွင့်လှစ်ခြင်း၊ သူနာပြုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအစရှိသည့် ကျန်းမာရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများတွင် လုပ်ငန်းအမှတ်အသားဖြင့်တွဲဖက်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

